The Agribiz News
www.agribiznews.com.mm
ကေသီ စီးပွားသတင်း
e-Paper-0056
၂၀၂၆ ခုနှစ် မေ ၁၅ ရက်



# ရမည်းသင်းနှင့်ပျော်ဘွယ်မြို့နယ်များ၌ စပျစ်ဇုန်အကောင်အထည်ဖော်မည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နိုင်ရေး လမ်းညွှန်မှုများ ကွင်းဆင်းအားပေး

နေပြည်တော်၊ မေ ၈

ရမည်းသင်းနှင့်ပျော်ဘွယ်မြို့နယ်များတွင် စပျစ်စိုက်ပျိုးလုပ်ကိုင်မှု များပြားလာခြင်းကြောင့် ဆည်ရေသောက်လယ်မြေများပေါ်တွင် စိုက်ပျိုးခြင်းများ ရှိလာသဖြင့် လယ်ယာမြေအပေါ် ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ စိုက်ပျိုးလုပ်ကိုင်မှုများအား လုပ်ငန်းအရှိန်မပျက်စေဘဲ စနစ်တကျဖယ်ရှားနိုင်ရန် နှင့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုပြီး ဝိုင်စပျစ် စီးပွားဖြစ်စိုက်ပျိုးနိုင်ရန် ၊ စိုက်ပျိုးရေး ထွက်ကုန်အခြေခံ စားသောက်ကုန်ချောထုတ် စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာစေရန် အတွက် နိုင်ငံတော် အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် စပျစ်ဇုန်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မေ ၆ ရက်နေ့ က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သဲကျွန်းကျေးရွာတွင် စပျစ်စိုက်တောင်သူများ၊ စပျစ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က ဆွေးနွေးပြောကြားသည်။

ယခုအကောင်အထည်ဖော်ဆောင်မည့် စပျစ်ဇုန်၌ ဝိုင်စပျစ်တစ်မျိုးတည်းကိုသာ စိုက်ပျိုး လုပ်ကိုင်ကြရန်ဖြစ်ပြီး ထွက်ရှိလာမည့် စပျစ်များ ရောင်းချနိုင်ရေးအတွက် လက်ရှိ လည်ပတ်နေသော ဝိုင်စက်ရုံမှဝယ်ယူသွားရန် ညှိနှိုင်း ဆောင်ရွက်ထားပြီး ဖြစ်သကဲ့သို့ စိုက်ပျိုးမှုနှင့် ထွက်ရှိနိုင်မှုအပေါ် မူတည်၍ စပျစ်ဝိုင်စက်ရုံများ အချိန်မီအကောင် အထည်ဖော်ဆောင် နိုင်ရေးကိုပါ စီမံပြီးဖြစ်ကြောင်း သိရသည်။

မေ ၇ ရက်နေ့နှင့်၈ ရက်နေ့များတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် နှင့် အတူ နွေစပါးမျိုးစေ့ထုတ်တောင်သူများ၊ နွေနှမ်းနှင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးသူတောင်သူများအား စိုက်ကွင်းများအရောက် သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးနှင့် တောင်သူများ၏အကျိုးစီးပွားတိုးတက်မြင့်မားရေး ဆွေးနွေးခဲ့ကြသည်။

အလားတူ ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးသုတေသနစခန်း

စာ-၂ သို့

သစ်သီးဝလံ အရည်အသွေးကို ဂရုစိုက်နေသည့် ဗီယက်နမ်.... စာ-၆
ကမ္ဘာ့ဆန်ရောင်းလိုအား ကျဆင်းစေမည့် အီရန်စစ်ပွဲနှင့် အယ်လ်နီညို၊ စာ-၁၆



မျက်နှာဖုံးမှ-

အစည်းအဝေးခန်းမ ၌ မွေးမြူရေးလုပ်ငန်းရှင်နှင့် မွေးမြူရေး တောင်သူ ၅၂ ဦး တို့အားလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ် သုံးတောင်ရွာ ဓမ္မာရုံ၌ ဒေသခံ မွေးမြူရေးလုပ်ငန်းရှင် နှင့် မွေးမြူရေးတောင်သူ ၁၅၀ ဦး တို့အားလည်းကောင်း တွေ့ဆုံ၍ ဒေသ၏မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်လုပ်ကိုင်နိုင်ကြစေရေးအတွက် နည်းပညာနှင့် လိုအပ်ချက်များကို ဝန်ကြီးဌာနက ဥပဒေနှင့်အညီကူညီဆောင်ရွက်ပေးနေမှု ၊ မွေးမြူရေးလုပ်ငန်းအတွက် မြေယာအသုံးချမှုနှင့်ပတ်သက်၍ ထုတ်ပြန်ထားသော လယ်ယာမြေ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်မှု၊ လယ်ယာမြေများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးလွန် အသုံးပြုခြင်းများကို တည်ဆဲ ဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းများနှင့်အတိုင်း ဆောင်ရွက်မည့် အခြေအနေ၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများကို မိမိလုပ်ကိုင်ခွင့်ရမြေမရှိသူများ လုပ်ဆောင် လိုပါက မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကို ဥပဒေနှင့်အညီ တရားဝင်လျှောက်ထားအသုံးပြုနိုင်မှုအခွင့်အလမ်းများ နှင့် သတ်မှတ်ချက်စည်းကမ်းနှင့်အညီ စနစ်တကျအသုံးပြုပြီး လုပ်ငန်းတည်ငြိမ် ပါက ပုံစံ ၇ လျှောက်ထား ဆောင်ရွက်နိုင်မှုတို့ကို ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ မွေးမြူရေးလုပ်ငန်းရှင်များ နှင့် မွေးမြူရေးတောင်သူများ၏ တင်ပြချက်များအပေါ် အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

MOALI

# ၂၀၂၆ ခုနှစ် မေ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေ ၁၃ ရက်မှ ၁၇ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ သို့လည်းကောင်း၊ မေ ၁၈ ရက်မှ ၂၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း အသီးသီး ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင် မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

## မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင် သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်း ပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ခြောက်ရက်မှရှစ်ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် သုံးရက် မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## နေ့အပူချိန်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် မေလပျမ်းမျှ အပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း နှင့် အရှေ့ပိုင်း) တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင် သည်။

စာ -၃ သို့

# ပေါင်းလောင်းဆည်ရေသောက်စနစ်၌ နွေစပါးနှင့် နွေသီးနှံ ၉၁၆၆ ဧကစိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်

နေပြည်တော်၊ မေ ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖိုလ်ဖိုလ်ကျော် သည် မေ ၇ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်း ရေလှောင်တမံ၏ ကြံ့ခိုင်မှု၊ စီးဝင်ရေပမာဏ နှင့် ဝင်ရေသိုလှောင်ထားရှိမှု တို့ကိုကြည့်ရှု စစ်ဆေးသည်။ ဆက်လက်၍ ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းမှု ဖြစ်ပေါ်ခဲ့ပြီး ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရေပိုလွှဲ ပထမအဆင့်၏ အောက်ဘက်ပိုင်း အပိုင်း(၁) နှင့် အထက်ဘက်ပိုင်း အပိုင်း(၂) ပြန်လည် ပြုပြင် ဆောင်ရွက်ပြီးစီးမှု ကိုကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား ရေလှောင်တမံနှင့် ရေပိုလွှဲတို့၏ ကြံ့ခိုင်မှုကို Dam Monitoring စောင့်ကြည့် တိုင်းတာ စစ်ဆေးမှုများ အမြဲမပြတ်ဆောင်ရွက်ရန်၊ ရေပိုလွှဲတွင် တပ်ဆင်ထားသော HED (Hydraulic Elevator Dam) ရေတံခါးများအား လုပ်ထုံးလုပ်နည်း နှင့်အညီ စမ်းသပ်လည်ပတ်စစ်ဆေးရန်၊ ပေါင်းလောင်းမြစ် ဘေးဝဲယာတလျှောက်၌ မိုးရာသီများတွင်ကြုံတွေ့ရတတ်သည့် ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေးအတွက် အထက်ပေါင်းလောင်းတမံ၊ အောက်ပေါင်းလောင်းတမံနှင့် ရေလွှဲဆည် တို့ ရေထုတ်လွှတ်မှု ပမာဏကို ချိန်ညှိလုပ်ဆောင်နိုင်ရေးကို သက်ဆိုင်ရာဌာနများ နှင့် ညှိနှိုင်းစီမံ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ငင်းနောက် ဒုတိယဝန်ကြီးသည် ပေါင်းလောင်းရေလွှဲဆည်၏ လက်ဝဲဖက် သဲထုတ် ရေတံခါး၏ မြေထိန်းနံရံ၊ မြောင်းထိပ် ရေတံခါးနှင့် ရေခွဲနံရံများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှု ကို ကြည့်ရှုစစ်ဆေးပြီး ရေလွှဲဆည် ရေရှည်တည်တံ့ ခိုင်ခံ့ရေးအတွက် ဆက်လက်စီမံ ဆောင်ရွက်သင့်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပေါင်းလောင်းဆည်ရေသောက်စနစ် လက်ယာတူးမြောင်းမကြီးနှင့် လက်ဝဲတူးမြောင်းမကြီးတို့မှ ရေသောက်ဧရိယာအတွင်းရှိ နွေစပါးနှင့် နွေသီးနှံစိုက်ကွင်းများ သို့ စိုက်ပျိုးရေလုံလောက်စွာပေးဝေနေမှု ကိုကြည့်ရှုစစ်ဆေးပြီး ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများအား ရေသောက်ဧရိယာများနှင့် ဆက်စပ်နေသော ရေရရှိရန်ခက်ခဲသည့် ကုန်းမြင့်မြေဧရိယာနေရာများတွင် အနိမ့်တင် ဆိုလာပန့်များဖြင့် ရေတင်ပေးဝေနိုင်ရေး ဆက်လက်ဆောင်ရွက်ရန်၊ စိုက်ပျိုးရေကို အလေအလွင့်မရှိ စနစ်တကျပေးဝေသွားရန်နှင့် လျာထားစိုက်ဧကပြည့် စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်း ရရှိရေး အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။ ပေါင်းလောင်းဆည်ရေသောက်စနစ်၌ ယခုနှစ် နွေစပါး နှင့် နွေသီးနှံ စုစုပေါင်း (၉၁၆၆)ဧက အား စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

MOALI

စာ- ၂မှ

## မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့ နှင့် မကွေးမြို့တို့တွင် သုံးပေခွဲမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်း မြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့်မဒေါက် မြို့တို့တွင် တစ်ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့ တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်း မြို့နှင့် ပုသိမ်မြို့ တို့တွင် ပေဝက် မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင် မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့ တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

Agribiz News www.agribiznews.com.mm သတင်း
agribiznews.com.mm

| | | |
|---|---|---|
| တာဝန်ခံအယ်ဒီတာ | - | ထွန်းသက်ပိုင် |
| အယ်ဒီတာအဖွဲ့ဝင်များ | - | ကျော်သူနိုင်၊ ကိုရင်အောင်မိုး၊ ထက်ဝေအောင်(စစ်ကိုင်း) |
| ထုတ်ဝေသူ | - | ဒေါက်တာအောင်ဇံထွေး(မြဲ-၀၀၄၁၀) |
| လိပ်စာ | - | ရုံးအမှတ်(၄၃) စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော် |
| ဖုန်း | - | ၀၆၇ ၃၄၁၀၁၄၂ |




# Rice Export Zone အကောင်အထည်ဖော်ရေး လုပ်ငန်းရှင်များ တောင်သူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော်၊ မေ ၁၁

**လယ်**ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်စေရန်၊ အရည်အသွေးကောင်းမွန်သော ဆန်များ ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေတိုးမြင့်ရရှိစေရန်နှင့် စပါးစိုက်တောင်သူဦးကြီးများ အတွက် အခွင့်အလမ်းကောင်းများ ရရှိစေရန်ရည်ရွယ်၍ နိုင်ငံတော်က "နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ" ဖြင့် Rice Export Zone (REZ)များ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း သည် မေ ၉ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြန်မာ့ဆန်စပါး သုတေသနဌာန အစည်းအဝေးခန်းမတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ စပါးတောင်သူများ နှင့် တွေ့ဆုံ၍ Rice Export Zone (REZ) များ ထူထောင်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးသည်။

ဒုတိယဝန်ကြီး က အမှာစကားပြောကြားရာတွင် Rice Export Zone အကောင် အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်း ပြည်ပဈေးကွက်များတွင် စားသုံးမှု အရည်အသွေး တည်ငြိမ်၍ ထုတ်လုပ်မှုမြင့်မားရေးအတွက် လုပ်ငန်းရှင်များမှ ဈေးကွက်ဝယ်လိုအား ကောင်းသည့် မျိုးများအား တောင်သူများသို့ အသိပေးပြီး လိုအပ်သည့်ဆန်ပမာဏထုတ်လုပ်ရရှိရေး အတွက် ထုတ်လုပ်သူအစုအဖွဲ့နှင့် တောင်သူအစုအဖွဲ့များ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ရန်၊ စိုက်ပျိုးရေးပညာရှင်များက zone အတွင်း စိုက်ပျိုးရေးနည်းပညာများအား ပြန့်ပွားရေးအတွက် အနီးပေါင်းစပ် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ကူညီထောက်ပံ့ပေးလျက်ရှိသည့် Rice Export Zone (REZ) ရန်ပုံငွေကိုလည်း တောင်သူများ လက်ဝယ်ရောက်ရှိအသုံးပြုနိုင်ရေး စီမံခန့်ခွဲပေးရန် လိုအပ်ပါကြောင်း၊ ပေါ်ဆန်းမွှေးဆန်ကိုလည်း ပြည်ပတိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဇုန်အတွင်း တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဇုန်ဧရိယာအတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်နှင့် အရည်အသွေးအာမခံချက်ရှိပြီး ပို့ကုန်ဈေးကွက် လိုအပ်ချက်နှင့်ကိုက်ညီသော မျိုးကောင်း၊မျိုးသန့်များကို ပန်းတိုင်အထွက်ရရှိစေရန်၊ စပါးစိုက် တောင်သူအတွက် လိုအပ်သည့်သွင်းအားစုများနှင့် စိုက်ပျိုးစရိတ်ချေးငွေ၊ စိုက်ပျိုးနည်းစနစ်များ စသည်တို့ကို ထိရောက်စွာ ကူညီထောက်ပံ့ပေးနိုင်ရန်နှင့် အခြေခံသီးနှံစိုက်ပျိုးမှုစနစ်ကို နိုင်ငံတကာအဆင့်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဇုန်ဧရိယာအတွင်း GAP စနစ်၊ IPM စနစ်နှင့် သဘာဝနှင့်ဇီဝမြေသြဇာများသုံးစွဲခြင်း၊ လယ်ယာကုန်ထုတ် စွမ်းအားမြှင့်တင်နိုင်မည့် လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင် မည် ဖြစ်သည့်အပြင် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူ လယ်သမားတို့အကြား ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်နိုင်စေမည်ဖြစ်ကြောင်း၊ အလားတူ အစားအစာဘေးကင်းလုံခြုံမှု ( Food Safety )ကို အာမခံနိုင်သော ရေရှည်တည်တံ့ ကောင်းမွန်သည့် ( Sustainable Rice Production ) အကောင်ထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းရှင်များ၊ တောင်သူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထောက်ပံ့လှူဒါန်းသည့် Drum Seeder ၅၀ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့သည့် သဘာဝမြေသြဇာများကို တောင်သူများထံ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆန်စပါး သုတေသနဌာန တွင် စိုက်ပျိုးထားရှိသည့် ဆင်းသုခ၊ မှော်ဘီ-၃ စပါးမျိုးများကို နွေစပါး ဧက ၁၀၀ စိုက်ပျိုး၍ မျိုးသန့် မျိုးပွား မျိုးစေ့ထုတ်စိုက်ကွင်းနှင့် တောင်သူများအား လက်တွေ့သရုပ်ပြသပေးလျက်ရှိသည့် သဘာဝမြေသြဇာပြုလုပ်ပုံအဆင့်ဆင့်၊ တီကျစ်စာထုတ်လုပ်ရန် တီမွေးမြူပုံနည်းများကို ကြည့်ရှု အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOALI**

စာ-၆ မှ-

များသည် ကုန်စည် ပြပွဲများနှင့် စီးပွားရေးမိတ်ဖက်အစီအစဉ်များမှတစ်ဆင့် ဈေးကွက်သို့ ဝင်ရောက်လျက်ရှိသည်။

ဗီယက်နမ်-ဂျပန် ကုန်သွယ်မှုဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဈေးကွက်သို့ ဝင်ရောက်ရန်အတွက်ပြင်ဆင်မှု၊ ဈေးကွက်သတင်းအချက်အလက်မိတ်ဖက်များနှင့် တိုက်ရိုက်ချိတ်ဆက်မှု တို့လိုအပ်ကြောင်း သိရှိရပါသည်။

**ဟေမာန်အောင်မင်း**

https://www.freshplaza.com/asia/article/9831583/vietnam-targets-fruit-exports-to-japan-with-quality-focus/

စာ-၇ မှ

သုညဒသမ ၄၈) လိုအပ်ကြောင်း သူက ဖော်ပြခဲ့ပါသည်။

လယ်ယာလုပ်ငန်းများ လျော့နည်းလာခြင်းက ရိတ်သိမ်းခြင်းလုပ်ငန်းများကို ထိခိုက်စေသည်။ အလုပ်သမားရှားပါးမှုရှိကြောင်း စိုက်ပျိုးသူများထံမှ သိရှိရပါသည်။ အလုပ်သမားများ သည် ပြည်နယ်မှထွက်ခွာခြင်းသို့မဟုတ် အပူချိန်မြင့်မားချိန်တွင် လယ်ယာလုပ်ငန်းကိုရှောင်ရှား ခြင်းများ ပြုလုပ်ကြပါသည်။

ထုတ်လုပ်သူများက အထွက်နှုန်းနည်းပါးခြင်းနှင့် အတူညှော့ဝတ်ကျေပွန်မှုနှင့် ဖျော်ရည်ကဏ္ဍ များမှ ဝယ်လိုအား လျော့နည်းခြင်းသည် ဈေးကွက်အခြေအနေများကို လွှမ်းမိုးနေကြောင်း ဖော်ပြကြကြောင်း သိရှိရသည်။ **ဖုန်းမြတ်ဝင်းမောင်မောင်**

https://www.freshplaza.com/asia/article/9831585/indian-pineapple-prices-fall-below-production-costs-as-demand-drops/

# မိတ္ထီလာ ပျော်ဘွယ် ရမည်းသင်းဒေသ၌ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မွေးမြူရေးလုပ်ငန်းရှင်များ မွေးမြူတောင်သူများနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော်၊ မေ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်း သည် မေ ၁၀ ရက်နေ့တွင် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန်မြင့်တင်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာ၊ ပျော်ဘွယ်နှင့် ရမည်းသင်းမြို့နယ်များရှိ မွေးမြူရေးလုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင်မွေးမြူသူတောင်သူများနှင့် ကွင်းဆင်းတွေ့ဆုံ၍ လက်ရှိမွေးမြူထုတ်လုပ်ရေးအခြေအနေများ၊ လုပ်ငန်းအလိုက်အတွေ့အကြုံများ၊ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးအတွက် လိုအပ်ချက်များ၊ တိရစ္ဆာန်စာနှင့် ဖြည့်စွက်စာ အခြေအနေ၊ မွေးမြူရေးစနစ်နှင့် မျိုးလိုအပ်ချက်တို့ကိုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ်ရှိ Garden Family ကုမ္ပဏီ ဆိတ်မွေးမြူရေးခြံ တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၊ ဆိတ်မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ကြသူများနှင့် တွေ့ဆုံ၍ ဆိတ်မွေးမြူရေးနှင့် တိုးတက် ထုတ်လုပ်ရေးအတွက် အလားအလာကောင်းသည့် မိတ္ထီလာဒေသတွင် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices - GAHP) နှင့်အညီ လိုက်နာ ဆောင်ရွက်သော မွေးမြူရေးဇုန်များ ဆောင်ရွက်နိုင်ရေး ၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားကဏ္ဍထုတ်လုပ်မှု မြင့်တင်ရေးအတွက် ပူးပေါင်းကြိုးပမ်းကြရန်နှင့် ပြည်တွင်း စားသုံးမှု ဖူလုံရုံသာမက ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေးကိုပါ အလေးပေးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆိတ်မွေးမြူရေးလုပ်ငန်းရှင်များက ဆိတ်မွေးမြူရာတွင် ကြုံတွေ့ကြရသည့် မျိုးလိုအပ်ချက်၊ သယ်ယူပို့ဆောင်ရေးအခက်အခဲနှင့် မြေယာအသုံးပြုမှုလိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်ရှိ ဇီဝကအစာစပ်စက်ရုံတွင် အစာစပ် လုပ်ငန်းရှင်များ၊ ဝက်၊ ဆိတ်၊ ကြက်မွေးမြူသူများ နှင့် တွေ့ဆုံ၍ လက်ရှိ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ ထုတ်လုပ်မှုအခြေအနေများကို ဆွေးနွေးပြီး ဒုတိယဝန်ကြီးက မိတ္ထီလာနှင့် ပျော်ဘွယ်ဒေသများအား မွေးမြူရေးဆိုင်ရာ အများစံထားအတုယူဖွယ်ဒေသများ ဖြစ်လာစေရေး၊ မွေးမြူရေးကဏ္ဍကို စနစ်တကျအဆင့်မြှင့်တင်ရေး၊ လွတ်ကျောင်းစနစ်မှ ခြံလှောင်စနစ်သို့ ပြောင်းလဲကျင့်သုံးစေရေးနှင့် ကောင်းမွန်သောတိုးတက်မှုဖြင့် မွေးမြူထုတ်လုပ်မှုမြှင့်တင်နိုင်ရေး ဆွေးနွေးမှာကြားသည်။

အလားတူ ရမည်းသင်းမြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် နွား၊ ဝက် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးတောင်သူများနှင့် ရင်းနှီးစွာတွေ့ဆုံ၍ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ လက်ရှိမွေးမြူထုတ်လုပ်မှုအခြေအနေနှင့် ကြုံတွေ့ရသည့်အခက်အခဲများအား ဖြေရှင်းပေးနိုင်ရေး၊ မွေးမြူရေး တိရစ္ဆာန်မျိုးမြှင့်တင်ရေး၊ မွေးမြူရေးဆေးဝါးများမပြတ်လတ်စေရန်၊ မျိုးလိုအပ်ချက်ဖြည့်ဆည်း ပေးရန်နှင့် နည်းပညာအကူအညီများရရှိ အသုံးပြုနိုင်ရေးအတွက် လက်တွေ့၊ နည်းပညာနှင့်မူဝါဒပိုင်း ပေါင်းစပ်ဖြေရှင်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI

---

စာ-၇ မှ

ဟင်းခတ် အမွှေးအကြိုင် တင်ပို့မှုမှာ ၁၂ ဒသမ ၇၄ ရာခိုင်နှုန်းနှင့် အဖျော်ယမကာ၊ အရက်နှင့် ရှာလကာရည် တင်ပို့မှုမှာ ၃၄ ဒသမ ၃၆ ရာခိုင်နှုန်းခန့် ကျဆင်းသွားပါသည်။

မေမှ စက်တင်ဘာအထိ သရက်သီးရာသီမတိုင်မီ စိုးရိမ်မှုများ မြင့်တက်လာခဲ့ပါသည်။ ကုန်စည်ပို့ဆောင်ရေးကုန်ကျစရိတ်များ မြင့်တက်လာသည့်အတွက် Global GAP စံချိန်စံညွှန်း များဖြင့် ထုတ်လုပ်ထားသည့် သရက်သီးနှင့် ပိန္နဲသီး တင်ပို့မှုများအပေါ် ထိခိုက်စေနိုင်ကြောင်း ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့ပါသည်။

တင်ပို့မှုများမှာ ရပ်တန့်လုနီးပါးဖြစ်နေပြီး လန်ဒန်သို့ တင်ပို့မှုကုန်ကျစရိတ်များမှာ တစ်ကီလိုဂရမ်လျှင် တာကာ ၄၀၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၄) မှ တာကာ ၆၀၀ (အမေရိကန် ဒေါ်လာ ၅ ဒသမ ၄၅) နီးပါးအထိ မြင့်တက်လာခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် နှင့်ဆက်စပ်ထုတ်ကုန်များ ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ Mohammad Hafizur Rahman ကပြောကြားသည်။

ယခင်က သရက်သီးတင်ပို့မှုတွင် ဝယ်လိုအား ရှိခဲ့သော်လည်း လက်ရှိအခြေအနေအရ တင်ပို့ မှုမှာ ရပ်တန့်လျက်ရှိကြောင်း Mushtaque Ahmad Shah က ပြောကြားခဲ့ပါသည်။ လက်ရှိ ကုန်ပစ္စည်းပို့ဆောင်ရေး ကုန်ကျစရိတ်များအရ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့နှင့် ယှဉ်ပြိုင်နိုင်ရန် မဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

စိုက်ပျိုးပညာပေးဌာနခွဲအနေဖြင့် ပြီးခဲ့သည့်နှစ်က သရက်သီးတင်ပို့မှုမှာ တန်ချိန် ၂,၁၉၄ ခန့် ရှိပြီး၂၀၂၃ ခုနှစ်တွင် တန်ချိန် ၃,၁၀၀ နှင့် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁,၃၂၁ ခန့် အသီးသီး တင်ပို့ခဲ့ပါသည်။ သရက်ရာသီမတိုင်မီ လေကြောင်းလိုင်းနှင့် အရပ်ဘက်လေကြောင်း အာဏာပိုင်များ နှင့် ဆွေးနွေးမှုများ ပြုလုပ်သွားရန် စီစဉ်ထားပါသည်။

စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာခြင်းနှင့် ပို့ကုန်တင်ပို့မှု အခွင့်အလမ်း ကန့်သတ်ချက်များသည် စိုက်ပျိုးထုတ်လုပ်သူတောင်သူများကို ထိခိုက်မှုများ ဖြစ်စေကြောင်း Sher-e-Bangla Agricultural University မှ Abu Noman Faruq Ahmmed က ပြောကြားသည်။ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များ လျော့နည်းလာခြင်း မရှိပါက ဘင်္ဂလားဒေ့ရှ် နိုင်ငံအနေဖြင့်ပို့ကုန်ဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်ရန် ရုန်းကန်ရမည်ဖြစ်ကြောင်းသိရှိရပါသည်။

**နွေးနွေးအောင်**

https://www.freshplaza.com/asia/article/9831584/bangladeshi-fruit-exports-fall-as-airfreight-costs-double/

■

# မလေးရှား ဒူးရင်းသီးရာသီ စောစီးစွာစတင်သော်လည်း ထုတ်လုပ်မှု အကန့်အသတ်ရှိဆဲ

ယခုနှစ်အစောပိုင်း၌ ကာလရှည် အပူလွန်ကဲခြင်းနှင့် မိုးခေါင်ခြင်း အခြေအနေများ ဖြစ်ပွား ခဲ့ပြီးနောက် မလေးရှားနိုင်ငံတွင် ဒူးရင်းသီးရာသီ စတင်ပြီး လက်ရှိတွင် ထုတ်လုပ်မှု အစပိုင်းတွင် မလေးရှားနှင့် စင်ကာပူရှိ ဈေးကွက်များသို့ ရောက်ရှိလျက်ရှိသည်။

ဒေသ သတင်းများအရ ရာသီ အစောပိုင်း ဒူးရင်းမျိုးကွဲများဖြစ်သော D604၊ Lipan နှင့် Musang King တို့ဖြစ်ပြီး ပီနန်ပြည်နယ် Balik Pulau မူရင်းဖြစ်သော စပ်မျိုး D604၏ မူရင်း ဒေသမှာပီနန်ပြည်နယ် Balik Pulauဖြစ်ပြီး ၁၉၈၇ ခုနှစ်တွင် စတင်တင်သွင်းခဲ့ပြီး အစောဆုံး ရင့်မှည့်သည့်မျိုး တစ်မျိုးဖြစ်ကာ အလေးချိန်မှာ၂ ကီလိုဂရမ် ကျော်ရှိသည်။

ဒူးရင်းသီးရောင်းချသူ Ang Hock Leng က ရာသီဥတုအခြေအနေများသည် ဒူးရင်းသီး၏ သွင်ပြင်လက္ခဏာများကို လွှမ်းမိုးမှုရှိကြောင်း ပြောကြားသည်။ ယခုနှစ် မိုးရွာသွန်းမှု နည်းပါးခြင်းက ဒူးရင်းသီး၏ အရသာ ကိုပိုမို ကောင်းလာစေပြီး အသားမှာ ခရင်မ်ပိုမို ဖြစ်လာစေသည်ဟု ၎င်းက ထပ်လောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် ယခုနှစ် ဒူးရင်းရာသီများသည် ပုံမှန်ထက်ပိုမို ကြာမြင့်နိုင်ကြောင်းလည်း ၎င်းကမှတ်ချက်ပြုခဲ့ပါသည်။ ရာသီစောစီးစွာ စတင်သော်လည်း ဈေးကွက်အသိပညာ အကန့်အသတ်ရှိဆဲ ဖြစ်သည်ကို သတိပြုမိကြောင်းလည်း ထောက်ပြခဲ့ပါသည်။

လက်ရှိရရှိနိုင်သော ဒူးရင်းမျိုးကွဲများမှာ D604၊ Lipan၊ Lipan Bara၊ Yellow Gingen၊ Capri၊ D600 နှင့် Musang King တို့ ဖြစ်ပြီး အခြားမျိုးကွဲများဖြစ်သည့် Red Prawn နှင့် Hor Lor တို့လည်း နှစ်ပတ်၊ သုံးပတ်အတွင်း ဈေးကွက်သို့ ဝင်ရောက်လာရန် မျှော်လင့်ရသည်။

D604 မျိုးကွဲဒူးရင်းသီးအား တစ်ကီလိုဂရမ်လျှင် မလေးရှားရင်းဂစ် ၂၅ ခန့်ဖြင့်ဈေးနှုန်း သတ်မှတ်ထားပြီး အမေရိကန်ဒေါ်လာအားဖြင့် တစ်ကီလိုဂရမ်လျှင် ၅ ဒသမ ၃ ဒေါ်လာခန့်နှင့်ညီမျှပြီး Musang King မျိုးကွဲမှာ တစ်ကီလိုဂရမ်လျှင် မလေးရှားရင်းဂစ် ၃၈ မှ ၅၈ ကြား ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိပြီး တစ်ကီလိုဂရမ်လျှင် အမေရိကန် ဒေါ်လာ ၈ မှ ၁၂ ဒသမ ၂ ဒေါ်လာ ခန့်နှင့်ညီမျှ ပါသည်။



စင်ကာပူနိုင်ငံတွင်၊ Chinatownရှိ 99 Old Trees Durian၊ ရှန်ရှန်ရှိ Fruit Monkey Durian နှင့်ဘာလက်စတီယာရှိ Combat Durian အပါအဝင် လက်လီဆိုင်များတွင် ဒူးရင်းသီး ရရှိနိုင်မှုမှာ အကန့်အသတ်ရှိဆဲဖြစ်ပါသည်။ မေလအစောပိုင်း ရာသီကုန်ချိန်တွင် ထုတ်လုပ်မှု အပြည့်အဝ ရောက်ရှိ ရန်မျှော်လင့်ထားပြီး ထုတ်လုပ်မှု ပမာဏများလည်း တိုးလာနိုင်ကြောင်း သိရှိရပါသည်။

**အောင်နိုင်ဦး**

https://www.freshplaza.com/asia/article/9831933/malaysian-durian-season-starts-early-supply-still-limited/

# ဂျပန်သို့ သစ်သီးဝလံများ တင်ပို့ရန်အတွက် အရည်အသွေးပိုင်းကို ဗီယက်နမ်အာရုံစိုက်လျက်ရှိ

ဂျပန် ဈေးကွက် အတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆိုင်ရာဆွေးနွေးပွဲ တစ်ခုအရ ဗီယက်နမ်စီးပွားရေး လုပ်ငန်းများသည် ဂျပန်ထောက်ပံ့ရေး ကွင်းဆက်များနှင့် ပိုမို ပေါင်းစည်းနိုင်ရန်အတွက် အရည်အသွေးစံနှုန်းများ၊ စီမံခန့်ခွဲမှုစွမ်းရည်နှင့် ထောက်ပံ့ရေး ယုံကြည် စိတ်ချရမှုတို့ကို မြှင့်တင်ရန် လုပ်ဆောင်နေကြသည်။

ဂျပန်နိုင်ငံရှိ ကုန်သွယ်ရေး အကြံပေးပုဂ္ဂိုလ် Ta Duc Minh က ဗီယက်နမ်နှင့် ဂျပန်အကြား စီးပွားရေးဆက်ဆံရေးသည် အခြေအနေ အသစ်တစ်ခုသို့ ရောက်ရှိနေကြောင်း ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံသည် အဓိက စားသုံးသူ ဈေးကွက် တစ်ခု အဖြစ် ရှိနေဆဲဖြစ်ပြီး GDP အားဖြင့် အမေရိကန် ဒေါ်လာ ၄ ဒသမ ၃ ထရီလီယံကျော်၊ လူဦးရေ ၁၂၅ သန်းခန့်နှင့် တစ်ဦးချင်းဝင်ငွေ အမေရိကန် ဒေါ်လာ ၃၄၀၀၀ ခန့်ရှိကြောင်း ပြောကြားသည်။



ဖွံ့စည်းပုံဆိုင်ရာစိန်ခေါ်မှုများရှိနေသော်လည်း ဂျပန်နိုင်ငံသည် တည်ငြိမ်သောဝယ်လိုအားကို ထိန်းသိမ်းထားနိုင်ကြောင်း၊ စားသုံးသူများသည် အရည်အသွေး၊ ဘေးကင်းရေး၊ တသမတ်တည်းရှိမှုနှင့် ကုန်အမှတ်တံဆိပ် ဂုဏ်သတင်းတို့အတွက် လိုအပ်ချက်များကို ထိန်းသိမ်းကြသည်။ သို့သော် ဂျပန်ဈေးကွက်သည် စီးပွားရေးလုပ်ငန်းများကို ဈေးနှုန်းတစ်ခုတည်းအပေါ် အခြေခံ၍ အကဲဖြတ်ခြင်းမဟုတ်ဘဲ အရည်အသွေးစီမံခန့်ခွဲမှုစနစ်များ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ထောက်ပံ့မှုကွင်းဆက်တည်ငြိမ်ရေးနှင့် စီးပွားရေး ယုံကြည်စိတ်ချရမှုတို့ကိုပါ အခြေခံ၍ အကဲဖြတ်ကြောင်း Minhက ပြောသည်။

နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ပြီးခဲ့သည့်နှစ်က ပထမဆုံးအကြိမ်အဖြစ် အမေရိကန် ဒေါ်လာ ၅၁ ဘီလီယံကျော်ခဲ့သည်။ ဂျပန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးရင်းနှီးမြှုပ်နှံသူများထဲမှ တစ်ခုအဖြစ် ရှိနေဆဲဖြစ်ပြီး ကဏ္ဍများစွာတွင် ကုမ္ပဏီပေါင်း ၅၀၀၀ ကျော် လည်ပတ်လျက်ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများသည် ပေါင်းစပ်ထုတ်လုပ်မှုစနစ်များ၊ ဒေသတွင်းအသုံးပြုမှု မြင့်တက်လာခြင်းနှင့် ထောက်ပံ့ရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ပြောင်းလဲလျက်ရှိသည်။

ဗီယက်နမ်သည် ဂျပန်၏ ထောက်ပံ့ရေးကွင်းဆက် ပြန်လည်ဖွဲ့စည်းရေး မဟာဗျူဟာ အတွင်းတွင်ရှိနေကြောင်း၊ ဂျပန်ဈေးကွက်သို့ဝင်ရောက်ရန်အတွက် အထူးသဖြင့် အရည်အသွေး စံနှုန်းများနှင့် ကိုက်ညီစေရန်နှင့် တည်ငြိမ်သော ထောက်ပံ့ရေးစွမ်းရည်ကို သေချာစေရန်အတွက် ပြင်ဆင်မှုနှင့် ရေရှည်မဟာဗျူဟာလိုအပ်ကြောင်း Minh ကပြောကြားပါသည်။

ဂျပန်နိုင်ငံသည် အစားအစာကို အဓိကတင်သွင်းသူဖြစ်ပြီး ဝယ်လိုအား၏ ၆၀ မှ ၆၅ ရာခိုင်နှုန်းကို တင်သွင်းမှုများဖြင့် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ဗီယက်နမ်သစ်သီးဝလံများသည် ဈေးကွက်တွင် ရှိပြီးဖြစ်သော်လည်း တိုးချဲ့ရန်အတွက် အစားအစာဘေးကင်းရေးစံနှုန်းများ၊ နောက်ကြောင်းပြန်လိုက်နိုင်မှုနှင့် ကုန်အမှတ်တံဆိပ် ဖွံ့ဖြိုးတိုးတက်မှုတို့ကို လိုက်နာရန်လိုအပ် ပါသည်။

ဂျပန်နိုင်ငံရှိ ဗီယက်နမ်ကုန်သွယ်ရေးရုံးသည် ကုန်သွယ်မှုမြှင့်တင်ရေး၊ ဈေးကွက်အချက်အလက်၊ မိတ်ဖက်လုပ်ဆောင်ခြင်း၊ စံနှုန်းများနှင့် သွင်းကုန်လိုအပ်ချက်များဆိုင်ရာ လမ်းညွှန်မှု များမှတစ်ဆင့် ပို့ကုန်လုပ်ငန်းရှင်များကို ပံ့ပိုးပေးပါသည်။ ဗီယက်နမ်ကုမ္ပဏီ

စာ-၄ သို့

# လေကြောင်းပို့ဆောင်ရေးကုန်ကျစရိတ်များ နှစ်ဆ မြင့်တက်လာမှုကြောင့် ဘင်္ဂလားဒေ့ရှ် သစ်သီးဝလံတင်ပို့မှုများ ကျဆင်းလာ

**အီ**ရန်၊ အမေရိကန်နှင့် အစ္စရေး အကြား လက်ရှိဖြစ်ပွားနေသော စစ်ပွဲများကြောင့် လေကြောင်းသယ်ယူ ပို့ဆောင်ရေးကုန်ကျစရိတ်များ နှစ်ဆနီးပါး မြင့်တက်လာသည့်အတွက် အရှေ့အလယ်ပိုင်း၊ ဥရောပနှင့် အခြားသောဒေသများသို့ တင်ပို့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပြုပြင်ထုတ်လုပ်ထားသော စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုတွင် အခက်အခဲ၊ အတားအဆီးများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ပို့ကုန်တင်ပို့မှု ပမာဏများ လျော့နည်းလာပြီး ယှဉ်ပြိုင်မှုများ လျော့ကျသွားကြောင်း ပို့ကုန်လုပ်ငန်းရှင်များ၏ အဆိုအရ သိရှိရပါသည်။

အဓိကလမ်းကြောင်းကြီးများ အားလုံးတွင် လေကြောင်းသယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ် များမြင့်တက်လာခဲ့ပါသည်။ ပဋိပက္ခများ မဖြစ်ပွားမီအချိန်က အရှေ့အလယ်ပိုင်းဒေသများသို့ တင်ပို့မှု ကုန်ကျစရိတ်များမှာ တစ်ကီလိုဂရမ်လျှင် တာကာ ၁၂၀-၁၄၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉ -၁ ဒသမ ၂၇) ခန့်သာရှိသော်လည်း ယခုအချိန်တွင် တစ်ကီလိုဂရမ်လျှင် ဘင်္ဂလားဒေ့ရှ် ငွေကြေး တာကာ ၁၈၀-၂၈၀ (အမေရိကန်ဒေါ်လာအားဖြင့် ၁ ဒသမ ၆၄-၂ ဒသမ ၅၅ ဒေါ်လာ)ခန့် ကုန်ကျပါသည်။ ဥရောပနှင့် UK သို့ တင်ပို့မှု ကုန်ကျစရိတ်များမှာ တစ်ကီလိုဂရမ်လျှင် တာကာ ၄၀၀-၄၅၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၄-၄ ဒသမ ၀၉) မှ တာကာ ၆၂၀-၆၅၀ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၄-၅ ဒသမ ၉၁) သို့ မြင့်တက်လာခဲ့ပါသည်။ အခြားသောဒေသများသို့ တင်ပို့မှု ကုန်ကျစရိတ်များမှာလည်း အလားတူ မြင့်တက်လာခဲ့သည်။



ကွန်တိန်နာသယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များလည်း မြင့်တက်လာခဲ့သည်။ အရှေ့ အလယ်ပိုင်း ဒေသများသို့ ယခင်ကတင်ပို့ရေး ကုန်ကျစရိတ်များမှာ ကွန်တိန်နာ တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၂,၈၀၀ ခန့်သာ ရှိသော်လည်း ယခုအချိန်တွင် အမေရိကန်ဒေါ်လာ ၆,၄၀၀ အထိမြင့်တက် လာခဲ့သည်။ ကုန်တင်နိုင်သည့်ပမာဏ (နေရာ) ရရှိနိုင်မှု လျော့နည်းလာခြင်းသည် ရောင်းဝယ်ရေး ကွင်းဆက်များ အပေါ် ထပ်မံ၍သက်ရောက်မှုဖြစ်စေကြောင်း ပို့ကုန်လုပ်ငန်းရှင်များ၏အဆိုအရ သိရှိရပါသည်။

တစ်လအတွင်း ကုန်ပစ္စည်းပို့ဆောင်ရေးကုန်ကျစရိတ်များ နှစ်ဆ မြင့်တက်လာသည့် အတွက် ကြိုတင်စာရင်းပေးမှုလုပ်ရန် ခက်ခဲလာကြောင်း Shah Traders ကုမ္ပဏီမှ Mushtaque Ahmad Shahက ပြောကြားခဲ့ပါသည်။ ထိုသို့ ဆက်လက်ဖြစ်နေပါက တင်ပို့မှု ပမာဏမှာ သုညအထိ ကျဆင်းသွားနိုင်ပါသည်။ ကုန်ပစ္စည်းပို့ဆောင်ရေး ကုန်ကျစရိတ်များမှာ ရက်အနည်းငယ်အတွင်း မြင့်တက်လာခဲ့ကြောင်း ပြောကြားပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယှဉ်ပြိုင်နိုင်စွမ်းများ လျော့နည်းသွားကြောင်း Md Shahid Sarker က ပြောကြားခဲ့ပါသည်။ အိန္ဒိယနိုင်ငံမှ တင်ပို့မှုကုန်ကျစရိတ်များမှာ တစ်ကီလိုဂရမ်လျှင် တာကာ ၂၀၀ - ၂၅၀ ( အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂-၂ ဒသမ ၂၇)ခန့်ရှိပြီး ပါကစ္စတန်နိုင်ငံတွင် ပို၍နည်းပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်ကီလိုဂရမ်လျှင် တာကာ ၇၀၀ (အမေရိကန် ဒေါ်လာ ၆ ဒသမ ၃၆) နီးပါး ရှိသည့်အတွက် ၎င်းတို့နှင့် ယှဉ်ပြိုင်နိုင်ရန် မဖြစ်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဘီလီယံဝန်းကျင် တန်ဖိုးရှိသော စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့လျက်ရှိသော်လည်း လက်ရှိစာရင်းအင်းများအရ တင်ပို့မှုကျဆင်းသွားကြောင်း သိရှိရပါသည်။ မတ်လအတွင်း ဟင်းသီးဟင်းရွက်တင်ပို့မှု ပမာဏမှာ ပြီးခဲ့သည့် နှစ်ထက် ၄၅ ရာခိုင်နှုန်း ကျဆင်းသွားပါသည်။ ကုန်ခြောက်တင်ပို့မှုမှာ ၁၉ ဒသမ ၄၀ ရာခိုင်နှုန်း၊

စာ-၅ သို့

# ဝယ်လိုအား ကျဆင်းမှုကြောင့် အိန္ဒိယနာနတ်သီးဈေးနှုန်းများ ထုတ်လုပ်မှုကုန်ကျစရိတ်အောက် ကျဆင်းသွား

**အိ**န္ဒိယနိုင်ငံတွင် နွေရာသီ၌ နာနတ်သီးဈေးနှုန်းများ ကျဆင်းနေကြောင်း နာနတ်သီးစိုက်ပျိုးသူများထံမှ သိရှိကြရပြီး ယင်းကာလသည် ပုံမှန်အားဖြင့် ဝယ်လိုအားမြင့်မားမှုကို အထောက်အကူပြုသည့်အချိန် ဖြစ်ပါသည်။ လက်ရှိအခြေ အနေများသည် Vazhakkulam ကဲ့သို့သောအဓိက ထုတ်လုပ်သည့်ဒေသများတွင် စိုက်ပျိုးရေးကို ထိခိုက်စေပါသည်။

အတွေ့အကြုံ ၃၅ နှစ်ရှိသော စိုက်ပျိုးသူ Dominic George က အပူချိန်မြင့်မားခြင်းသည် ထုတ်လုပ်မှုအပေါ် သက်ရောက်မှုရှိကြောင်း ပြော ကြား ခဲ့ သ ည် ။ နာ န တ် သီး အတွက် လိုအပ်သော အပူချိန်မှာ ၃၂ မှ ၃၃°C အထိ ဖြစ်ပါသည်။ သို့သော် အပူချိန်မြင့်တက်လာသည်နှင့်အမျှ အသီး၏ အရွယ်အစားကို ထိခိုက်စေပါသည်။ ဈေးနှုန်း အမြဲမြင့်မားသကဲ့သို့ ဝယ်လိုအားလည်း မြင့်မားသည်။ ဒါပေမယ့် ဒီရာသီမှာတော့ အထွက်နှုန်းနည်းပြီး ဈေးနှုန်းကလည်း အံ့အားသင့်ဖွယ် အနိမ့်ဆုံးအဆင့် ကိုရောက်ရှိနေကြောင်း ၎င်းကပြောကြားခဲ့သည်။

အပူချိန်အခြေအနေများသည် အသီးအရွယ်အစားနှင့် စုစုပေါင်း အထွက်ကို လျော့ကျစေကြောင်း စိုက်ပျိုးသူများထံမှ သတင်းသိရှိရသည်။ ရေရရှိမှုနှင့် ဆည်ရေပေးမှု အကြိမ်ရေသည်သီးနှံ အထွက်နှုန်းကို ထိခိုက်စေသည်။ ဈေးကွက်ဝယ်လိုအားလည်း ကျဆင်းလာသည်။ နာနတ်သီး စိုက်တောင်သူများအသင်းမှ ဘောဘီဂျွန်က "နာနတ်သီးကို ဟိုတယ်အမျိုးမျိုးနှင့် အမျိုးအစား အားလုံးအတွက်မရှိမဖြစ်လိုအပ်သော အသီးဖြစ်ပြီး ဖျော်ရည်ဆိုင်များတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြောင်း ဒါပေမဲ့ ဟိုတယ်တွေ ပိတ်ထားရတာက ဝယ်လိုအားကို ထိခိုက်စေကြောင်း ရှင်း ပြပါသည်။

အပူချိန်မြင့်မားခြင်းက သုံးစွဲမှုတိုးလာခြင်းမဟုတ်ကြောင်း သူက ထပ်လောင်းပြောကြား ခဲ့သည်။ ဒါပေမယ့် ပြောင်းပြန်အနေနဲ့ သုံးစွဲမှုလျော့ကျလာကြောင်း တွေ့ရှိရပါတယ်ဟု သူက ပြောကြားခဲ့သည်။

စိုက်ပျိုးသူ ဒေသခံအရာရှိ Tony Thannittamackal က ဈေးနှုန်းများသည် ထုတ်လုပ်မှုကုန်ကျစရိတ် အဆင့်အောက်သို့ ကျဆင်းသွားကြောင်း ပြောကြားခဲ့သည်။ အရင်က တစ်ကီလိုကို ရူပီး ၆၀ (အမေရိကန်ဒေါ်လာ သုညဒသမ ၇၂) ကျော်နဲ့ရခဲ့တဲ့ နာနတ်သီး ဈေးနှုန်းက အခု ရူပီး ၃၀ (အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆) အထိ ကျဆင်းသွားသည်။ ဈေးနှုန်းက ရူပီး ၂၅ မှ ၃၀ (အမေရိကန်ဒေါ်လာ သုညဒသမ ၃၀ မှ သုညဒသမ ၃၆) အကြားမှာ ရှိနေပြီး ထုတ်လုပ်မှု ကုန်ကျစရိတ်ကိုတောင် မကာမိပါဘူး" ဟု သူက ပြောကြားခဲ့သည်။ ကုန်ကျစရိတ်များ ပြန်လည်ရရှိရန် တစ်ကီလိုဂရမ်လျှင် အနည်းဆုံး ရူပီး ၃၅ မှ ၄၀ (အမေရိကန်ဒေါ်လာ သုညဒသမ ၄၂ မှ

စာ-၄ သို့









# ကသပိုင်းငါး၏ သဘာဝနှင့်အသုံးဝင်ပုံ

ပင်လယ်ပြာ(ငါးဦးစီး)

ကသပိုင်းငါးသည် အသားနုသော ငါးအမျိုးအစားတွင်ပါဝင်ပြီး အရသာနူးညံ့ကောင်းမွန်လှပါသည်။

ဩစတေးလျ၊ဂျပန်၊ဗီယက်နမ်နှင့် ထိုင်းကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများနှင့် အာဖရိကတိုက်၏ ဒေသများတွင်လည်း ကသပိုင်းငါးကို တွေ့ရှိရပါသည်။ကသပိုင်းငါးသည် မြစ်၊ချောင်း၊အင်းအိုင်တို့၌ ကျောက်စရစ်များ၊ ကျောက်တုံးများ၊ ရွှံ့မြေများပေါ်တွင် ကပ်လျက်နေထိုင်တတ်ကြပါသည်။ အရောင်မှာ ငွေရောင်ဖျော့ဖျော့နှင့် အညိုရောင်သန်းနေပါသည်။

ကသပိုင်းငါးကို အင်္ဂလိပ်လို "Golden Tank Goby " ခေါ် " Golden Flathead Goby " ဟု ခေါ်ဆိုကြပြီးမြန်မာလိုသာသာပြန်လျှင် ရွှေရောင်စည်ဂေါ်ဘီ၊ ရွှေရောင်အပြားလိုက်ဂေါ်ဘီ ဟုသိရပါသည်။ သိပ္ပံအမည်မှာ Glossogobius aureus ဖြစ်ပြီး အမြင့်ဆုံးခန္ဓာကိုယ်အလျားမှာ ၂၅ စင်တီမီတာထိ ရှိကြသည်။

### ဒေသအခေါ်

ကသပိုင်းငါးကို အညာဒေသတွင် နိုင်လွန်ငါး၊ ငါးလုံးဟုခေါ်ကြပြီး ကလေးဒေသအခေါ်မှာ ငါးလူး/ငလူး ဖြစ်သည်။

### အရွယ်အစား

ကသပိုင်းငါး၏ ဦးခေါင်းပိုင်းသည် ရှည်လျားပြီး ခန္ဓာကိုယ်၏ ၄ ပုံ ၁ ပုံခန့် ရှိကြသည်။ အမြင့်ဆုံးခန္ဓာ ကိုယ်အလျားမှာ ၂၅ စင်တီမီတာထိ ရှိကြပြီး ပုံမှန်အရှည်မှာ ၁၂ စင်တီမီတာ ရှိကြသည်။

### ခန္ဓာကိုယ်ပုံပန်းသဏ္ဌာန်

ကသပိုင်းငါး၏ခန္ဓာကိုယ်ပုံသဏ္ဌာန်သည် ရှည်မျော့မျော့ရှိပြီး ငါးမျက်လုံးမှာ ပြူးထွက်နေတတ်သည်။ ကျောဘက်တွင် နူးညံ့သောအရေးအကြောင်း ၇-၁၀ ခုရှိပြီး စအိုကျောရိုးမှာ ၁ခု ရှိသည်။

### နေထိုင်မှုအလေ့အထ

ကသပိုင်းငါးကို ရေချို၊သဲသောင်ပြင်များတွင် တွေ့ရှိရပြီး မြစ်များနှင့် မြစ်ဝကျွန်းပေါ်များအပါအဝင် ရေနှင့် ရေအောက်ကြမ်းပြင်တို့တွင်လည်း နေထိုင်ကြသည်။ ရေချိုနှင့် ရေချိုရေငန်စပ်တွင်တွေ့ရများပြီး ရေငန်ပိုင်းတွင်လည်း တွေ့ရတတ်သည်။ ရေကြည်၊ ရေနောက် (၂) မျိုးစလုံးတွင် နေထိုင်ကျက်စားတတ်ကြသည်။ကသပိုင်းငါးကို ရွှံ့နွံအောက်ခြေနှင့် သဲပြင်ပေါ်တွင် တွေ့ရလေ့ရှိပြီး အများအားဖြင့်တွင်းအောင်းနေလေ့ရှိကြသည်။

### အစာစားသည့် အလေ့အထ

ကသပိုင်းငါးသည် ရေနေအင်းဆက်ပိုးမွှားများ၊ အခွံမာသားလောင်း (ပုစွန်)နှင့် ငါးငယ်များကို ၎င်းတို့၏ အစာအဖြစ် စားသုံးကြသည်။

### သက်တမ်း

ကသပိုင်းငါးသက်တမ်းမှာ (၁ -၂) နှစ်ခန့်အထိ အသက်ရှည်ကြပါသည်။

### ကသပိုးစားဖွယ်စုံ

ကသပိုင်းငါးသည် ညှီနံ့နည်းသဖြင့် လူကြိုက်များကြသည်။ကသပိုး အကြွပ်ကြော်၏ ရနံ့မှာ မွှေးပျံ့ချိုဆိမ့်သည်မို့ မကြိုက်သူမရှိလှပေ။ ဒေသခံများမှာ ကသပိုင်းငါးကို ကြော်စား၊ အချဉ်ဆီပြန်၊ အစပ်ချက်၊ အချိုပဲဆီပေါင်း၊ အိုးကပ်ဟင်း၊ ကသပိုးထမင်းချဉ် စသဖြင့် ပြုလုပ်စားသုံးကြပါသည်။ကသပိုး ငါးချဉ်ကြော်မှာလည်း ပိန်းဥဟင်းချို ချွဲချွဲလေးနှင့် လိုက်ဖက်လှပါသည်။ကသပိုင်းငါးကို ဆန်ပြုတ် ပြုလုပ်၍လည်း စားသုံးကြသည်။ ကသပိုင်းငါးသည် အရိုးပါမကျန် စားသုံး၍ရသော ငါးတစ်မျိုးလည်း ဖြစ်သည်။



ကသပိုင်းငါးမှာ အသားနူးညံ့၍ အရသာကောင်းမွန်သော ငါးတစ်မျိုးဖြစ်တာကြောင့် သားကြီး၊ ငါးကြီး မကြိုက်သောသူများအနေဖြင့် ကသပိုင်းငါးကိုစားသုံးဖို့ သင့်တော်လှပေသည်။

### ကသပိုင်းငါးမှပေးသော အာဟာရဓာတ်

ငါးစားခြင်းသည် ခန္ဓာကိုယ် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရှိစေသည်ကို လူအများသိရှိပြီးဖြစ်သည်။သို့သော်လည်း ကသပိုးငါးအပါအဝင် ငါးများတွင် ပါဝင်သော အာဟာရဓာတ်များ၊ ဗီတာမင်နှင့် သတ္တုဓာတ်များအကြောင်းကိုတော့ စုံစုံလင်လင်သိရှိသူ နည်းပါသည်။ကသပိုးအပါအဝင် ငါးများတွင် အသားဓာတ်(ပရိုတင်းဓာတ်)များ ပါဝင်သည့်အပြင် omega 3 fatty acids ဟုခေါ်သည့် ငါးကြီးဆီဓာတ်များလည်း အပြည့်အဝပါဝင်နေသောကြောင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမှာဖြစ်ပါသည်။ ကသပိုင်းငါးမှပေးသော အာဟာရဓါတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များမှာ-

(၁)Omega-3 fatty acids ခေါ် ငါးကြီးဆီ

ကသပိုးအပါအဝင် ငါးများတွင် ပါဝင်သောငါးကြီးဆီသည် နှလုံးသွေးကြောကျန်းမာရေးအတွက် အထူးကောင်းမွန်ပါသည်။ ငါးကြီးဆီသည် နှလုံးသွေးကြောကျဉ်းခြင်းနှင့် နှလုံး ရောဂါဖြစ်ပေါ်နိုင်ခြေကိုလျှော့ချပေးနိုင်ခြင်း၊ သွေးတွင်းမကောင်းသောအဆီများကို ဖယ်ရှားပေးနိုင်ပြီး ကောင်းသောအဆီဓာတ်ကို များပြားလာစေခြင်း၊ သွေးပေါင်ချိန်ကို ထိန်းပေးနိုင်ခြင်း စသည့်ကျန်းမာရေးကောင်းကျိုးများကို ရရှိစေနိုင်ပါသည်။ ထို့အပြင် ငါးကြီးဆီသည် ဦးနှောက်ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေပါသည်။

(၂)ဗီတာမင်-A

ကသပိုးအပါအဝင် အဆီများသောငါးများကို များများစားပေးမည်ဆိုလျှင် ဗီတာမင် A ကို ရရှိစေနိုင်ပါသည်။ ဗီတာမင်- A သည် အမြင်အာရုံကောင်းမွန်စေခြင်း၊ မျက်စိရောဂါများ ဖြစ်လာနိုင်ခြေကို လျှော့ချပေးနိုင်ခြင်း၊ အရိုးနှင့်သွားများ ကြံ့ခိုင်ထွားသန်မာလာစေခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိလာစေမှာဖြစ်ပါသည်။

(၃)ဗီတာ B-complex

ကသပိုင်းငါးတွင် နောက်ထပ်ပါဝင်သော ဗီတာမင်ဓာတ်များမှာ ဗီတာမင် B1, B2, B6, B12 စသည်တို့ဖြစ်ပါသည်။ ဗီတာမင် B-complex သည် ဦးနှောက်နှင့် အာရုံကြောစနစ်ကောင်းမွန်စေရန်အတွက် အထောက်အကူဖြစ်စေပါသည်။

(၄)ဗီတာမင် D

ကသပိုင်းငါးတွင် အရိုးနှင့် သွားကျန်းမာရေးအတွက် ကောင်းမွန်စေသော ဗီတာမင် D လည်းများစွာပါဝင်နေပါသည်။ ဗီတာမင် D သည် ကိုယ်ခံအားစနစ်မြင့်တက်စေဖို့ အတွက် ကူညီပေးနိုင်ပါသည်။

စာ-၉ သို့

# ဖိလစ်ပိုင် Mindoroမြို့တွင် ကြက်သွန်နီသိုလှောင်ရန်အတွက် အမေရိကန်ဒေါ်လာ သုညဒသမ ၇၁ သန်းတန် အအေးခန်းဖွင့်လှစ်

MIMAROPAဒေသရှိ စိုက်ပျိုးရေးဌာနသည် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သောဒေသဖြစ်သည့် Oriental Mindoroတွင် ရိတ်သိမ်းပြီးနောက်အလေအလွင့်ဆုံးရှုံးမှုလျှော့ချစေရန်နှင့် လယ်ယာကဏ္ဍဝင်ငွေတိုးတက်စေရန်ရည်ရွယ်၍ ပီဆို ၄၀ ဒသမ ၇ သန်း (အမေရိကန်ဒေါ်လာ သုညဒသမ ၇၁ သန်း) တန်ဖိုးရှိသော ကြက်သွန်နီသိုလှောင်ရုံအအေးခန်းတစ်ခုကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသိုလှောင်ရုံသည် Bulalacao၊ Barangay Campaasan တွင်တည်ရှိပြီး ဒေသခံ စိုက်ပျိုးသူများအတွက် အခြေခံအဆောက်အအုံများကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲမည့် Bulalacao Development Cooperative (BUDECO) သို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

တန်ဖိုးမြင့်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အောက်ရှိ ရန်ပုံငွေထောက်ပံ့ထားသော သိုလှောင်ရုံတွင် ကြက်သွန်နီမက်ထရစ်တန်ချိန် ၅၄၀ ခန့်နှင့် ညီမျှသောအိတ်ပေါင်း ၂၀,၀၀၀ အထိ သိုလှောင်နိုင်သည်။

စိုက်ပျိုးရေးဌာန၏ အဆိုအရ ဤသိုလှောင်ရုံသည် ရိတ်သိမ်းမှုအများဆုံး အချိန်အတွင်း ပျက်စီး ဆုံးရှုံးမှုကိုလျှော့ချရန်နှင့် ဈေးကွက်အတွင်း ဈေးနှုန်းများမတက်မချင်း သီးနှံများကို သိုလှောင်နိုင်စေရန် ရည်ရွယ်ပါသည်။

အဆိုပါ လွှဲပြောင်းမှုကို ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူး Daniel Alfonso Atayde က ဦးဆောင်ခဲ့ပြီး ဒေသဆိုင်ရာနည်းပညာဒါရိုက်တာ Emerson Yago လည်း တက်ရောက်ခဲ့သည်။

BUDECO မန်နေဂျာ Danny Festin နှင့် ဥက္ကဋ္ဌ Dioner Escarez တို့က အဆိုပါသိုလှောင်ရုံကို လက်ခံရယူခဲ့ကြသည်။

ဤစီမံကိန်းသည် ဒေသတွင်း စိုက်ပျိုးရေးဆိုင်ရာအထောက်အပံ့များကို အားကောင်းစေရန် ကြိုးပမ်းမှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အချိန်နှင့် ဈေးနှုန်းပြောင်းလဲမှုအပေါ်တွင် မူတည်၍ ထိခိုက်လွယ်သော သီးနှံများကို ရည်ရွယ်ပါသည်။



ရိတ်သိမ်းချိန်လွန်နည်းပညာများ တိုးတက်ကောင်းမွန်လာခြင်းသည် လယ်ယာကဏ္ဍဝင်ငွေတည်ငြိမ်စေရန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သည့် ဒေသများတွင် ရည်ရွယ်ကြောင်း စိုက်ပျိုးရေးဌာနက ဖော်ပြခဲ့ပါသည်။

သိုလှောင်ရုံ လည်ပတ်နေခြင်းဖြင့် Bulalacao ရှိ လယ်သမားများသည် ရောင်းချချိန်ကို ပိုမို ပြောင်းလွယ်ပြင်လွယ်ရှိလာပြီး ရိတ်သိမ်းပြီးသည်နှင့် ချက်ချင်းရောင်းချရသည့် အခြေအနေကို လျှော့ချနိုင်မည်ဟု မျှော်လင့်ရကြောင်း သိရှိရသည်။

ဟေမာန်အောင်မင်း

https://www.freshplaza.com/asia/article/9834741/philippines-opens-us-0-71-million-onion-cold-storage-in-mindoro/

# ဂျပန်နိုင်ငံက မလေးရှားနိုင်ငံသို့ ပရီမီယံအသားတင်ပို့ရန် ပိုမိုအာရုံစိုက်လာ

ဂျပန်နိုင်ငံသည် ဒေသတွင်း စားသောက်ကုန် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေး၏ တစ်စိတ်တစ်ပိုင်းအဖြစ် မလေးရှားနိုင်ငံသို့ ဝက်ဂ်ယူ (Wagyu) အမဲသားအပါအဝင် တိရစ္ဆာန်ပရိုတင်း တင်ပို့မှု တိုးမြှင့်ရန် ကြိုးပမ်းအားထုတ်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။




ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီး ဆူဇူကီး နိုရီကာဇူ (Suzuki Norikazu) က ၎င်းတို့နိုင်ငံအနေဖြင့် မလေးရှားနှင့် စားနပ်ရိက္ခာ ထောက်ပံ့မှုကွင်းဆက်များကို ခိုင်မာအောင် တည်ဆောက်ရင်း အရှေ့တောင်အာရှတွင် ဂျပန်တိရစ္ဆာန်ပရိုတင်း ဝယ်လိုအား တိုးတက်လာစေရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း ဆွေးနွေးမှုများတွင် မလေးရှား လက်လီဖြန့်ဖြူးရေးလမ်းကြောင်းများမှတစ်ဆင့် ဂျပန်စားသောက်ကုန်များ ပိုမိုဝင်ရောက်နိုင်ရေးကိုလည်း အလေးပေးဆွေးနွေးခဲ့ကြသည်။ မလေးရှားနိုင်ငံတွင် ပရီမီယံ အသားတင်သွင်းမှုဝယ်လိုအား မြင့်တက်လာသည်နှင့်အမျှ တိရစ္ဆာန်ပရိုတင်း ကုန်သွယ်မှု၊ အထူးသဖြင့် ဝက်ဂ်ယူ အမဲသားသည် အဓိက တိုးတက်မှုရှိမည့် ကဏ္ဍတစ်ခုအဖြစ် အလေးပေးဖော်ပြခဲ့သည်။

ထို့အပြင် ဂျပန်နိုင်ငံသည် မွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုများတွင် သွင်းအားစုစရိတ်များ မြင့်တက်လာခြင်းအပေါ် စိုးရိမ်ပူပန်မှုများကို တင်ပြခဲ့ပြီး စားနပ်ရိက္ခာဖူလုံရေး၏ အရေးပါမှုကိုလည်း အလေးပေး ပြောကြားခဲ့သည်။

TTP

www.asian-agribiz.com (12 May)

စာ-၈ မှ

(၅)ကယ်လ်စီယမ်

ဗီတာမင် D အပြင် အရိုးကျန်းမာဖွံ့ဖြိုးရေးအတွက်လိုအပ်သော ကယ်လ်စီယမ်ဓာတ်သည်လည်း ကသပိုးငါးတွင် ပါရှိပါသည်။

(၆)မဂ္ဂနီဆီယမ်

ကသပိုးငါးတွင် ပါဝင်သော မဂ္ဂနီဆီယမ်ဓာတ်သည် နှလုံးနှင့် ကြွက်သား ကျန်းမာရေးအတွက် အထောက်အပံ့ ဖြစ်စေခြင်း၊ ဆီးချိုရောဂါဖြစ်ပေါ်နိုင်ခြေကို လျှော့ချပေးနိုင်ခြင်းစသည့် ကောင်းကျိုးများစွာကို ရရှိစေနိုင်ပါသည်။

(၇)ဇင့်ဓာတ်

ကသပိုးငါးတွင် ခန္ဓာကိုယ်တွင်း ဆဲလ်များ ကြီးထွားဖွံ့ဖြိုးစေရန်နှင့် ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေနိုင်သော ဇင့်ဓာတ်လည်း ပါရှိပါသည်။

(၈)သံဓာတ်

ကသပိုးငါးတွင် သံဓာတ်ပါဝင်သောကြောင့် သံဓာတ်ချို့တဲ့ပြီး သွေးအားနည်းခြင်းကင်းဝေးစေဖို့ ကသပိုးအပါအဝင် ငါးများများစားသုံးပေးသင့်ပါသည်။ ကသပိုးအပါအဝင် ငါးများများစားသုံးခြင်းဖြင့် ဗီတာမင်နှင့် သတ္တုဓာတ်များ ကြွယ်ဝစွာရရှိစေနိုင်သောကြောင့် တစ်ပတ်လျှင် အနည်းဆုံး ၃ကြိမ်ခန့် ငါးကို စားသုံးပေးသင့်ပါသည်။ ကသပိုးအပါအဝင် ငါးများကို စားသုံးခြင်းသည် အသားများစားသကဲ့သို့ ပရိုတင်းဓာတ်ရရှိစေသည့်အပြင် ငါးကြီးဆီလည်း ပါဝင်နေသောကြောင့် ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိစေမှာ ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရသော်- ကသပိုးငါးသည် အသားနုသော ငါးအမျိုးအစားတွင် ပါဝင်ပြီး အရသာလည်း ထူးခြားကောင်းမွန်လှပါသည်။ ထို့ပြင် ကသပိုးငါးသည် အရိုးပါမကျန် စားသုံး၍ရသော ငါးတစ်မျိုးဖြစ်ပြီး ကျန်းမာရေးကောင်းကျိုးလည်း များပြားစွာရရှိနိုင်သောကြောင့် စားပေးသင့်သည့် ရေထွက်ကုန်ဖြစ်ပါကြောင်း လေ့လာရေးသား လိုက်ရပါသည်။

ပင်လယ်ပြာ(ငါးဦးစီး)

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း - ၄၅)

## ကမ္ဘာ့တက္ကသိုလ်များ ခရက်ဒစ်ယူနစ် စနစ် ကျင့်သုံးနေမှု

(ယခင်အပတ်မှအဆက်)

## Using Credit-Unit (hour) System in World Universities

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

ယနေ့ခေတ် နိုင်ငံတကာတက္ကသိုလ်တွေမှာ ခရက်ဒစ်ယူနစ် စနစ် ကျင့်သုံးနေမှုကို ဆက်လက် ဆွေးနွေးပါမည်။

**Credit-Hour/Credit-Unit System ၏အဓိပ္ပါယ်**

ခရက်ဒစ်နာရီစနစ်/ယူနစ်စနစ် ဆိုသည်မှာ တက္ကသိုလ်များတွင် ဘာသာရပ်တစ်ခုစီ အတွက် သင်ကြားချိန်၊ လေ့လာမှုဝန်ထုပ်ဝန်ပိုးနှင့် သင်ယူရရှိရမည့် ရလဒ်များအပေါ် မူတည်၍ Credit Unit (အမှတ်ယူနစ်) သတ်မှတ်ပေးသည့် စနစ်တစ်ခုဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများသည် ဘွဲ့ရရန်အတွက် သတ်မှတ်ထားသော အမှတ် (Credit/Score) အရေအတွက်ကို ပြည့်မီရပါသည်။

**ခရက်ဒစ်ယူနစ်စနစ်၏ အားသာချက်များ**

၁။ ပညာသင်ကာလတစ်လျှောက်လုံး လွတ်လပ်စွာစိတ်ကြိုက်ရွေးချယ်နိုင်မှု (Flexibility)

ကျောင်းသား/သူများသည် မိမိ၏ စိတ်ဝင်စားမှု၊ အလုပ်အကိုင် ရည်မှန်းချက်နှင့် သင်ယူနိုင်သော အချိန်အလိုက် ဘာသာရပ်များကို ရွေးချယ်တက်ရောက်နိုင်သည်။ အချိန်ပြည့်/ အချိန်ပိုင်း (Full-time, Part-time) သို့မဟုတ် သင်ယူချိန်နှစ်တိုတိုနှင့် အမြန်သင်ယူခြင်း တို့ကို စိတ်ကြိုက် ရွေးချယ်နိုင်သည်။ ခက်ခဲသောဘာသာရပ်များကို စာသင်နှစ်ဝက် (Semester) များခွဲပြီး သင်ယူနိုင်သည်။
အကျိုးကျေးဇူး - အလုပ်လုပ်ရင်းသင်ယူသူများ၊ နိုင်ငံတကာကျောင်းသား/သူများ (International Students) အတွက် အထူးအရေးကြီးသည်။

၂။ ကျောင်းသားဗဟိုပြု ပညာရေး (Student-Centered Learning)

ကျောင်းသား/သူများသည် မိမိ၏ပညာရေးကို ကိုယ်တိုင်စီမံခန့်ခွဲရသည်။ ကျောင်းသား/ သူကိုယ်တိုင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်မှုနှင့် တာဝန်ယူနိုင်မှုတိုးတက်စေ သည်။
အကျိုးကျေးဇူး - မိမိကိုယ်တိုင်တက်ကြွစွာလေ့လာမှု (Active learning) ကို အားပေးပြီး ဆရာမှဦးဆောင်သင်ကြားမှု (Passive learning) ကို လျော့နည်းစေသည်။

၃။ ရရှိသော ခရက်ဒစ်ကို လွှဲပြောင်းနိုင်မှု (Mobility)

နိုင်ငံတကာတက္ကသိုလ်များအကြား ကူးပြောင်းသင်ယူရပါက ခရက်ဒစ်များကို လွှဲပြောင်း နိုင်သည်။
အကျိုးကျေးဇူး - ကျောင်းသား/သူအချင်းချင်း၊ တက္ကသိုလ်အချင်းချင်း လဲလှယ် သင်ယူ သောစနစ် (Exchange programs) နှင့် နိုင်ငံတကာ လေ့လာမှု (International study) များအတွက် အဆင်ပြေသည်။ နိုင်ငံတကာ ပညာရေးစနစ်များနှင့် ချိတ်ဆက်မှု ပိုမိုကောင်း မွန်စေသည်။

၄။ စနစ်ကျမှုနှင့် ပွင့်လင်းမြင်သာမှု (Standardization & Transparency)

ဘာသာရပ်တစ်ခုချင်းစီတွင် သတ်မှတ်သင်ယူနိုင်စွမ်း (Workload) နှင့် သင်ယူမှုရလဒ် (Learning outcomes) သတ်မှတ်ထားသည်။
အကျိုးကျေးဇူး - ကျောင်းသားများသည် ဘွဲ့ရရန် လိုအပ်ချက်များကို ရှင်းလင်းစွာ သိရှိ နိုင်သည်။ တက္ကသိုလ်များအကြား တက္ကသိုလ်တစ်ကျောင်းနှင့်တစ်ကျောင်း နှိုင်းယှဉ်ရ လွယ်ကူစေသည်။

၅။ သင်ရိုးညွှန်းတမ်းကို ကောင်းမွန်စွာ ဒီဇိုင်းဆွဲနိုင်ခြင်း

အဓိကမသင်မနေရဘာသာရပ်များ (Core courses)၊ စိတ်ကြိုက် ရွေးချယ်ဘာသာရပ်များ (Electives )၊ အထွေထွေပညာရေး (General education) စသည့် အမျိုးအစားများ ခွဲခြားနိုင်သည်။
အကျိုးကျေးဇူး - ကျောင်းသားများအတွက် ညီမျှပြီး ပြည့်စုံသောပညာရေးရရှိစေသည်။

၆။ စဉ်ဆက်မပြတ်အကဲဖြတ်မှုရရှိခြင်း (Continuous Assessment)

ကျောင်းသား၊ ကျောင်းသူများ၏ တတ်မြောက်မှုစွမ်းရည် အကဲဖြတ်မှုတွင် နောက်ဆုံး စာမေးပွဲ (Final exam) တစ်ခုတည်းမဟုတ်ဘဲ တစ်ဦးချင်း၊ အဖွဲ့လိုက်အလုပ် (Assignment)၊ မေးခွန်းတိုများ (Quiz)၊ ပရိုဂျက်လက်တွေ့လုပ်ဆောင်မှုများ (Project)၊ နှစ်လတ်စစ်ဆေးမှု (Midterm Test) စသည်တို့ဖြင့် အမြဲတမ်းအကဲဖြတ်သည်။
အကျိုးကျေးဇူး - တစ်ခါတည်းလေ့လာမှုထက် စဉ်ဆက်မပြတ်၊ ဆက်လက် လေ့လာ မှုများကို အားပေးသည်။

၇။ ဘာသာရပ်ပေါင်းစုံ လေ့လာသင်ယူနိုင်ခြင်း (Interdisciplinary Learning)

ဘာသာရပ်စုံသင်တက္ကသိုလ်များ (Comprehensive Universities) တွင်ကျောင်းသား/ သူများသည် မတူညီသောဌာနများမှ ဘာသာရပ်များကို စိတ်ကြိုက်တွဲဖက် သင်ယူ နိုင်သည်။
ဥပမာ - စိုက်ပျိုးရေးကျောင်းသား/သူများသည် စီးပွားရေးပညာ (Economics)၊ ပတ်ဝန်း ကျင်သိပ္ပံပညာ (Environmental Science)၊ သစ်တောပညာ (Forestry)၊ အင်ဂျင်နီယာ ပညာ (Engineering)၊ သတင်းအချက်အလက်ပညာ (ICT)၊ အချက်အလက် ခွဲခြမ်း စိတ် ဖြာပညာ (Data Analysis) စသည့်ဘာသာရပ်များကို တက္ကသိုလ် တစ်ခုတည်းတွင် တစ် ပြိုင်နက် သင်ယူနိုင်ပါသည်။

၈။ အချိန်စီမံခန့်ခွဲမှု ကောင်းမွန်ခြင်း

ခရက်ဒစ်စနစ် (Credit) သည် ဘွဲ့ရရှိရန်လိုအပ်ချက်များ (workload) နှင့်ချိတ်ဆက်ထားသောကြောင့် စာတွေ့သင်ကြားမှု (Lecture)၊ ဓာတ်ခွဲခန်း (Laboratory)၊ တစ်ဦးချင်း လေ့လာမှု (Self-study) ကို စနစ်တကျ စီမံခန့်ခွဲနိုင်ပါသည်။

၉။ ဘဝတစ်သက်တာတစ်လျှောက်လုံး သင်ယူနိုင်မှု (Lifelong Learning)

အသက်ကြီးသွားပြီး နောက်ပိုင်းတွင်လည်း အချိန်မရွေး ပြန်လည်သင်ယူနိုင်ပြီး ယခင် သင်ယူခဲ့သော ခရက်ဒစ် (Credits) များကို ပြန်လည်အသုံးချနိုင်သည်။ ဥပမာ - စိုက်ပျိုး ရေးဘွဲ့ရရှိသူကလည်း မဟာသိပ္ပံသင်တန်းများတွင် အင်ဂျင်နီယာ၊ စီးပွားရေးဘွဲ့၊ ပါရဂူ ဘွဲ့သင်တန်းများတွင် ပတ်ဝန်းကျင်သိပ္ပံ စသည်ဖြင့် ဆက်လက်သင်ယူနိုင်ပါသည်။
အကျိုးကျေးဇူး - ဘာသာရပ်ကျွမ်းကျင်မှုပြုစုပျိုးထောင်ခြင်း (Professional development) အတွက် အထောက်အကူပြုပါသည်။




စာရေးသူကိုယ်တိုင်မိမိအိမ်မှတစ်ဆင့်
စိုက်ပျိုးရေးသင်ခန်းစာများသင်ယူနေပုံ

စာ-၁၁ သို့

စာ-၁၀ မှ

၁၀။ နိုင်ငံတကာအဆင့်မြင့်ပညာရပ်များနှင့် ကိုက်ညီမှု (Global Alignment)

နိုင်ငံတကာ နာမည်ကြီးတက္ကသိုလ်အများစုတွင် အသုံးပြုသော စနစ်ဖြစ်သည်။ ဘွဲ့လက်မှတ်များကို နိုင်ငံတကာတွင် အသိအမှတ်ပြုမှုရရှိစေသည်။

အကျိုးကျေးဇူး - အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိတိုးတက်စေသည်။

၁၁။ သင်ကြားမှု အရည်အသွေး တိုးတက်စေခြင်း

ဆရာများသည် သတ်မှတ်ထားသော သင်ယူမှုရလဒ် (Learning outcomes) အတိုင်း သင်ကြား၊ သုတေသနပြုရပါသည်။

အကျိုးကျေးဇူး - သင်ရိုးညွှန်းတမ်းနှင့် သင်ကြားမှု အရည်အသွေး ပိုမိုကောင်းမွန် လာစေပါသည်။

၁၂။ မိမိကိုယ်တိုင် ဘွဲ့ရရှိရန် တိုးတက်မှုကို လွယ်ကူစွာ သိနိုင်ခြင်း

ဥပမာ - ဘွဲ့ရရှိရန် လိုအပ်သော စုစုပေါင်း ခရက်ဒစ် ၁၂၀ (Total Credit = 120) တွင် ခရက်ဒစ် ၉၀ ရရှိပြီးပါက ခရက်ဒစ် ၃၀ သာကျန်ရှိပါတော့ သည်။

အကျိုးကျေးဇူး - ကျောင်းသားများအတွက် အနာဂတ်အစီအစဉ်ရေးဆွဲရန် လွယ်ကူ စေပါသည်။

**စာရေးသူ၏အတွေး -**

စာရေးသူ ယခု ၂၀၂၆-ခုနှစ် ဩစတေးလျနိုင်ငံသို့ပြန်လည် ရောက်ရှိရာတွင် ဩစတေးလျ နိုင်ငံရှိ တက္ကသိုလ် အားလုံး ခရက်ဒစ်ယူနစ်စနစ် (Credit Unit System) ကို အသုံးပြုနေ ပါသည်။ တကယ်တော့ လွန်ခဲ့သော ၁၉၈၇-ခုနှစ် (လွန်ခဲ့သောအနှစ် ၄၀-လောက်) စာရေးသူ ကွင်းစလန် တက္ကသိုလ် (UQ – The University of Queensland) တွင် မဟာ စိုက်ပျိုးရေး ပညာ တက်ရောက်စဉ်ကတည်းက ထိုတက္ကသိုလ်က ခရက်ဒစ်ယူနစ်စနစ် ကို စတင်အသုံးပြုနေပါပြီ၊

ဤစနစ်ကြောင့် (၂၀၂၅-ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆-ခုနှစ် မေလကုန်အထိ) ယခု စာရေးသူ ကိုယ်တိုင် မြန်မာနိုင်ငံ မိမိအိမ်မှနေ၍ အပတ်စဉ် တနင်္လာနှင့် ကြာသပတေး နေ့တိုင်း ဆစ်ဒနီတက္ကသိုလ်မှ ၂၀၂၆ခုနှစ် ပထမ နှစ်ဝက် သင်တန်းများ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးရေး ထုတ်လုပ်ရေးဘာသာ (HORT 3005 Production Horticulture) နှင့် အဆင့်မြင့် သီးနှံ စိုက်ပျိုးရေး စနစ်ဘာသာ (AGRI 4001 Advanced Plant Production System) ကို အွန်လိုင်း မှ သင်ယူနိုင်ခြင်းအကျိုးကျေးဇူးများကို ရရှိနေပါသည်။

နောက်ဆုံးပေါ် သင်ယူမှုစီမံခန့်ခွဲမှုစနစ် (LMS – Learning Management System) ကြောင့် သင်ခန်းစာများကို တိုက်ရိုက် သင်ယူနိုင်ခြင်း၊ အချိန်မအားပါက ဗီဒီယို မှတ်တမ်း များ (Recorded Videos) ကို အင်တာနက်စနစ် ဖြင့် ပြန်လည်ကြည့်ရှု နားထောင်နိုင် ခြင်း၊ ဆစ်ဒနီတက္ကသိုလ် အီလက်ထရောနစ် စာကြည့်တိုက်များ (Electronic Library) ကိုမိမိအိမ်မှ စာအုပ်၊ စာတမ်း၊ ဂျာနယ်များငှားရမ်းဖတ်ရှုလေ့လာနိုင်ခြင်းစသည့် အကျိုးကျေးဇူး များစွာရရှိနေပါသည်။

(စာရေးသူကိုယ်တိုင် စိုက်ပျိုးရေးဘွဲ့ရသူဖြစ်သော်လည်း ယနေ့ခေတ်သင်ကြားပေးနေသော တိကျစိုက်ပျိုးရေး (Precision Farming)၊ မော်လီကျူးစနစ်အပင်မျိုးမွေးမြူရေး (Molecular Plant breeding)၊ မှိုမွေးမြူရေး (Mushroom Cultivation)၊ စပျစ်ဝိုင် ထုတ်လုပ်ရေး (Grape Wine production)၊ လုံခြုံစိတ်ချရသော စိုက်နည်းစနစ် (Protective Cultivation) စသည့် ခေတ်မီ နောက်ဆုံးပေါ်နည်းပညာ၊ သင်ခန်းစာများမှာ အသစ် အဆန်း ဖြစ်လျက် ရှိနေ ပါသည်။ ဆောင်းပါးအသေးစိတ်ရေးပါဦးမည်)

စာရေးသူသိရသလောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မအူပင် စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များတွင် နောက်ဆုံးပေါ် သင်ယူမှုစီမံခန့်ခွဲမှုစနစ် (LMS – Learning Management System) မတပ်ဆင်ရသေး၊ သင်ကြားပေးမှုရှိမနေသေးပါ၊ သန်လျင် သမဝါယမတက္ကသိုလ်တွင် စာရေးသူတို့အဖွဲ့ပူးတွဲ သင်ကြားပေးနေသည့် စိုက်ပျိုး ကူးသန်းရောင်းဝယ်ရေးဘာသာရပ် လက်မှတ်ရသင်တန်း (Agribusiness Online Certificate Training Course) တွင်မူ ထိုတက္ကသိုလ်တွင်တပ်ဆင်ပြီးဖြစ်သည့် (LMS) ကို အသုံးပြု ပြီး သင်ကြားပေးလျက်ရှိနေပါသည်။ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နေ့ ည ၇ နာရီခွဲတိုင်း Zoom Application ဖြင့်သင်ကြားပေးနေပြီး အလုပ်လုပ်ကိုင်နေသော သင်တန်းသား၊ သင်တန်းသူများ အတွက် အလွန်အသုံးဝင်နေပါသည်။ တက္ကသိုလ်နှင့် ညှိနှိုင်းပြီးပါက ဒီပလိုမာ (Diploma)၊ ဘွဲ့ဒီဂရီ (Degree Programs) အဝေးသင်ဘွဲ့သင်တန်းများ (Distance Education) ကို စနေ၊ တနင်္ဂနွေ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်သို့ လူကိုယ်တိုင် လာရောက်သင်ယူ (In-person Training)၊ ကျန်ရုံးဖွင့်ရက်များတွင် အဝေးမှ သင်ယူ (Online Training)သော ၂ ခုပေါင်းစနစ် (Blended Learning/ Hybrid Learning Programs) ကို ကျင့်သုံးရင်း ဆက်လက်ဆောင်ရွက်သွားမည်ဟု စီစဉ်နေပါသည်။

(ဆက်ပါဦးမည်)

ဒေါက်တာမျိုးကြွယ်

# တရုတ်နိုင်ငံ၏ အချဉ်ဖောက်တိရစ္ဆာန်စာ တွန်းအားပေးမှုကြောင့် ကမ္ဘာလုံးဆိုင်ရာ ပဲတီစိမ်း/ပဲပုပ် ကုန်သွယ်မှု ပြောင်းလဲလာနိုင်



တရုတ်နိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာ ကိုယ်တိုင်ဖူလုံရေး ကြိုးပမ်းမှုသည် ကမ္ဘာလုံးဆိုင်ရာ တိရစ္ဆာန်စာနှင့် ဆီထွက်သီးနှံကဏ္ဍကို ပြန်လည်ပုံဖော်လာနေပြီး၊ ပဲပုပ် (Soybean) သည် ၎င်းတို့၏ စားနပ်ရိက္ခာဖူလုံရေး အစီအစဉ်တွင် ထိရှလွယ်သော ကုန်စည်တစ်ခုအဖြစ် ပေါ်ထွက်လာသည်။

ယခုနှစ်အစောပိုင်းတွင် တရုတ်နိုင်ငံသည် ပြည်တွင်းထုတ်လုပ်မှုနှင့် တိရစ္ဆာန်စာ အကျိုးရှိစွာ အသုံးချမှုကို အားကောင်းစေပြီး၊ တင်သွင်းလာသော စိုက်ပျိုးရေးကုန်စည်များအပေါ် မှီခိုမှုကို လျှော့ချရန် ရည်ရွယ်သည့် ၁၀ နှစ်တာ စိုက်ပျိုးရေး စီမံကိန်းအသစ်ကို ထုတ်ဖော်ခဲ့သည်။ အဆိုပါ မဟာဗျူဟာ၏ ဗဟိုချက်တွင် ပဲပုပ်ဖတ် (Soybean Meal) ရှိနေသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ပဲပုပ်ကုန်သွယ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်ကို သိမ်းပိုက်ထားပြီး ကမ္ဘာ့အကြီးဆုံး ပဲပုပ်တင်သွင်းသူ ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၇ ဘီလီယံ တန်ဖိုးရှိ ပဲပုပ် မက်ထရစ်တန်ချိန် ၁၁၁ ဒသမ ၈ သန်းကို စံချိန်တင် တင်သွင်းခဲ့ပြီး လေးပုံတစ်ပုံခန့်ကို အမေရိကန်နိုင်ငံမှ တင်သွင်းခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း အမေရိကန်နှင့် တရုတ်နိုင်ငံအကြား ပထဝီနိုင်ငံရေး တင်းမာမှုများ ဆက်ရှိနေသဖြင့် ပေကျင်းအစိုးရသည် ပဲပုပ်တင်သွင်းမှုအပေါ် အလွန်အမင်း မှီခိုနေရခြင်းကို ထိခိုက်လွယ်သော အချက်တစ်ခုအဖြစ် ရှုမြင်လျက်ရှိသည်။

TTP

www.asian-agribiz.com

(11 May)

www.agribiznews.com.mm

မှ ePaper များ

ရယူလိုက်ပါ




၁၁-၅-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွင်း ဆန်ပါးကုန်စည်ဒိုင်၊ ဝါးတန်းလမ်းတွင် ထုတ်ပြန်ထားသော ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်းဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၂၀၀၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၉၅၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း ဆန်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၃၅၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧယာဆန်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၂၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၆၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧည့်မထဆန်ကြမ်း ၁၅ ရာခိုင်နှုန်း အလတ်စတစ်တင်းခွဲတစ်အိတ်လျှင် ၆၂၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ် လျှင် ၆၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၆၀၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၈၀၀၀ ကျပ်နှုန်း ဖြင့်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ယခင်အပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်း ပြောင်းလဲမှုမရှိသော်လည်း ယခုလ နောက်ဆုံးရက်သတ္တပတ်၏ ဈေးနှုန်းများနှင် နှိုင်းယှဉ်ပါက ဆန်တစ်အိတ်လျှင် ၃၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်ဝန်းကျင်ထိဈေးမြင့်ခဲ့ကြောင်းသိရသည်။ ဆန်သစ်များ အဝင်ပါးလာချိန် ဖြစ်ခြင်း၊ အရည်အသွေး ခြောက်သွေ့ကောင်းမွန်လာချိန်ဖြစ်ခြင်း၊ ပြည်ပသို့ပို့မှန်တင်ပို့မှုရှိခြင်း၊ ကမ္ဘာ့ရွှေဈေး၊ ဒေါ်လာငွေလဲနှုန်းနှင့် စက်သုံးဆီ ဈေးနှုန်းများ မကြာ ခဏ အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိခြင်း၊ ၂၀၂၆ ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်လ များတွင် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်ခြေကြောင့် ဆန်၊ ပဲ အထွက်နှုန်းများကျဆင်းကာ စားသောက် ကုန်ဈေးနှုန်းများ ဈေးမြင့်လာနိုင်ခြင်း၊ သွင်းအားစုများနှင့်ကုန်ကျစရိတ်များဈေးမြင့်နေခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းများ လျော့ကျလာနိုင်ဖွယ်ရှိခြင်း စသည့် အခြေ အနေများကြောင့် ဆန်ချော ဆန်ကြမ်းများအားလုံး ဈေးအမြင့်တွင်သာ ဆက်လက်တည်ရှိနေ နိုင်ကြောင်း သိရသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကျွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုရှိခဲ့သည်။မဒါဂတ်စကာ၊ ဖိလစ်ပိုင်၊ တရုတ်၊ ပိုလန်၊စပိတ်၊ ချက်ရီပတ်ဘလစ်၊ နယ်သာလန်၊ ဖီဂျီ၊ ဘယ်လဂျီယံ၊ ရိုမေးနီယား စသော နိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ ပုံမှန်တင်ပို့မှုများ ရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

ထိုင်းနိုင်ငံသို့ သွင်းကုန်အခွန်လွတ်ခွင့်ဖြင့် တင်ပို့နိုင်သော ကာလဖြစ်ခြင်း၊ စိုက်ပျိုးထွက်ရှိမှု နည်းပါးခဲ့ခြင်းကြောင့် ပြောင်းလက်ကျန် နည်းပါးလာချိန် ဖြစ်ခြင်း၊ ပြည်ပဈေးမြင့်နေခြင်းနှင့် ဝယ်လိုအား မြင့်နေခြင်း၊ ပင်လယ်ရေကြောင်းနှင့် တာချီလိတ်နယ်စပ်မှ တင်ပို့မှုများပုံမှန်ရှိခြင်းတို့ကြောင့် အစေ့ထုတ်ပြောင်းဈေးနှုန်းများမှာ လည်း ကုန်းလမ်းဆက်သွယ်မှုတင်ပို့မှုများ ယခင်ရက်သတ္တပတ်၏ ဈေးနှုန်းများနည်းတူ ဈေးအမြင့်တွင်တည်ငြိမ်လျက်ရှိသည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ်နှင့်ယခုအပတ် ဈေးနှုန်းမှာ ၉၉၃၆၀ ကျပ် ဖြစ်သည်။ ယခုလ နောက်ဆုံးရက်သတ္တပတ် ဈေးနှုန်းမှာ ၉၁၂၆၀ ကျပ် ဖြစ်ပါသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ငရုတ်ခြောက် (ရှည်၊ လတ်) မှာ ဈေးကွက်သို့ ကုန်အဝင် ပုံမှန်ရှိသော်လည်း စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းကြောင့် ယခင်အပတ်ထက် ဈေးနိမ့်ခဲ့သည်။ ငရုတ်ခြောက် (ပွ) မှာ ဈေးကွက်သို့ ကုန်အဝင် ပုံမှန်ရှိသော်လည်း အရည်အသွေး အမြင့်စများခြင်းကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ငရုတ်ခြောက် (ရှည်၊ လတ်၊ ပွ) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၄၂၅၀ - ၁၃၂၅၀ - ၂၄၇၅၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ်ဈေးနှုန်းမှာ ၁၃၅၀၀ - ၁၂၂၅၀ - ၂၅၀၀၀ ကျပ် ဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ပန်းရဲ၊ မြားနီ အအေးခန်း သိုလှောင်ငရုတ်ခြောက်များ၊ ဟသ်ာတ မိုးထောင်၊ ဆင်ဖြူကျွန်း၊ မြစ်ဝပု၊ ဆက ငရုတ်ခြောက် များ ကုန်ဝင်ရောက်မှု ရှိခဲ့ကြောင်း သိရသည်။ ကြက်သွန်နီ (ထူး၊လတ်သေး) မှာ ဈေးကွက်သို့ ကုန်အဝင် လှိုင်ခြင်း၊ စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးနိမ့်ခဲ့သည်။ ကြက်သွန်နီ (ထူး၊လတ်သေး) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၅၀၀ - ၂၄၀၀ - ၁၈၀၀ ကျပ်ဖြစ်ပြီး၊ ယခုအပတ်ဈေးနှုန်းမှာ ၂၂၀၀ - ၂၁၇၅ - ၁၅၇၅ကျပ်သို့ ရောက်ရှိ ဈေးနိမ့်ခဲ့သည်။ ရန်ကုန်ဈေးကွက်သို့ မြင်းခြံ၊ ဆိပ်ဖြူ၊ မုံရွာ၊ တောင်သာ၊ မြစ်သား၊ ရွှေဘို၊ ပျော်ဘွယ်ဒေသများမှ ကြက်သွန်နီများ လှိုင်လှိုင် ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ကြက်သွန်ဖြူ (ကြူကုတ်) မှာ ကုန်အဝင်နည်းခြင်း၊ တင်သွင်းဈေး မြင့်ခြင်း၊ သယ်ယူစရိတ် မြင့်ခြင်း၊ ဝယ်လိုအား များခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၁၄၅၀၀ကျပ် ဖြစ်ပြီး ယခုပတ် ဈေးနှုန်းမှာ ၁၈၀၀၀ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ (ရှမ်း) မှာလည်း ကုန်အဝင် နည်းခြင်း၊စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက်ဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူ (ရှမ်း)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၆၀၀၀ ကျပ် ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၆၄၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့သည်။ အာလူး(S1, OK, A1) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၃၀၀ - ၂၃၀၀ - ၁၇၀၀ ကျပ် ဖြစ်ပြီး ယခုအပတ်ပျမ်းမျှဈေးနှုန်းမှာ ၂၂၀၀ - ၂၂၀၀ - ၁၅၀၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်ခဲ့သည်။ ဈေးကွက်သို့ အောင်ပန်းအာလူးများ ကုန်အဝင်ပုံမှန်ရှိသော်လည်း အရည်အသွေးနိမ့်ခြင်း၊ အထားမခံခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားနည်းခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေး နိမ့်လာခဲ့ခြင်းဖြစ်သည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီ အများဆုံး ထုတ်လုပ်သော အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတွင် စားအုန်းဆီပို့ကုန် အခွန်တိုးမြှင့်ထားခြင်း၊ လောင်စာဆီအဖြစ်ရောနှောသုံးစွဲမှုရှိခြင်း၊ ပြည်တွင်း လက်ကျန်နည်းလာချိန်ဖြစ်ခြင်း၊ အီရန်နှင့် အမေရိကန်ပဋိပက္ခကြောင့် လောင်စာဆီ အကျပ်အတည်းများဖြစ်ကာ သယ်ယူပို့ဆောင်စရိတ်များ ဈေးမြင့်လာခြင်း၊ ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာငွေလဲလှယ်နှုန်းများ မတည်ငြိမ်ခြင်းစသည့် အခြေအနေများကြောင့် စားအုန်းဆီ တင်သွင်းရသော ဈေးနှုန်းများအား ထပ်မံ မြင့်တက်စေခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက်ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၂၀၂၆ ခုနှစ် မေ ၈ ရက်မှ ၁၄ ရက်အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန် အထိုင် လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၄၉၉ ကျပ် ဖြစ်သည်။ ယခင်အပတ် ဈေးနှုန်းဖြင့် နှိုင်းယှဉ်ပါက စားအုန်းဆီ တစ်ပိဿာလျှင် ၁၁၉ ကျပ်နှုန်း ဈေးမြင့်လာခဲ့ခြင်း ဖြစ်သည်။၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ကာ စားအုန်းဆီ ရည်ညွှန်းဈေးနှုန်း များ ဆက်တိုက် မြင့်တက်လာနေခြင်း ဖြစ်သည်။ ပြင်ပ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက် များစွာမကွာသော ဈေးနှုန်းများဖြင့် တစ်အိမ် ထောင်လျှင် ၅၀ကျပ်သားနှုန်းရောင်းချပေးလျက်ရှိသည်။ အချို့သောမြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာ၏ ပြင်ပဈေးနှုန်းမှာ ၁၂၀၀၀ကျပ် ဝန်းကျင် ဖြစ်သည်။

**အေးသန္တာဝင်း**

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၁-၅-၂၀၂၆ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်ဈေးကွက်

ရန်ကုန်ပေါ်ဆန်းမှာ လက်ကျန်နည်းခြင်း၊ တောင်သူထံမှ ဝယ်ရသော ပင်ရင်းဈေးမြင့်ခြင်းကြောင့် ယခင်လတစ်အိတ် ၁၆၀၀၀၀ ကျပ်မှ ၁၇၀၀၀၀ ကျပ်သို့ ဈေးမြင့် သွားပြီး ရွှေဘိုပေါ် ဆန်းမှာလည်း အဝင်ပုံမှန်ရှိခြင်း၊ အခါပြီး မြို့တွင်းစားသုံးရန် ဝယ်ယူမှုနည်းခြင်းတို့ကြောင့် တစ်အိတ် ၂၀၀၀၀၀ ကျပ်မှ ၁၉၅၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ မနောသုခ ဆန်မှာ မိုးလက်ကျန်နည်းခြင်း၊ နွေစပါးစိုက်ထားဆဲ ဖြစ်ခြင်း၊ အဝင်ပုံမှန်ရှိခြင်း၊ မြို့တွင်းသုံး ဝယ်ယူမှုနည်းခြင်းကြောင့် တစ်အိတ် ၉၀၀၀၀ ကျပ်မှ ၉၅၀၀၀ ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။ ဧယာနှင့် ငစိန်ဆန်မှာ မိုးလက်ကျန်နည်းသွားခြင်းကြောင့် ပင်ရင်းဈေးမြင့်ခြင်း၊ မြို့တွင်းသုံးဝယ်ယူမှုနည်းခြင်းကြောင့် တစ်အိတ်လျှင် ဧယာဆန်မှာ ၉၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ငစိန်ဆန်မှာ ပင်ရင်းဈေး မြင့်ခြင်း၊ မုန့်လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၆၀၀၀၀ ကျပ်မှ ၆၅၀၀၀ ကျပ်သို့ ဈေးမသိမသာ မြင့်သွားသည်။ ဧရာမင်းဆန်မှာ မန္တလေးဝန်းကျင်မှ ထွက်ရှိသော ဆန်ဖြစ်ခြင်း၊ အသစ်အဝင်များလာခြင်း၊ စားသုံးမှု ပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၅၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ သယ်ယူပို့ဆောင်စရိတ်များ အနေဖြင့် ရန်ကုန်မှ မန္တလေးသို့ ဆန်တစ်အိတ် ၉၀၀၀ ကျပ်၊ ရွှေဘိုမှ မန္တလေး ဆန်အိတ်အနည်းအများနှင့် ကားဂိတ်များ ကွာခြားမှုအလိုက် တစ်အိတ် ၇၀၀၀ ကျပ်၊ ၇၅၀၀ ကျပ် ဈေးထိ မသိမသာ မြင့်သွားသည်။

## ဆီထွက်သီးနှံဈေးကွက်

မြေပဲ(လုံးဆန်) ဈေးနှုန်းမှာ ဆောင်းလက်ကျန်နည်းပြီး၊ မိုးစိုက်ရန် ပြင်ဆင်ချိန်ဖြစ်ခြင်းကြောင့် တောင်သူထံလက်ကျန်နည်း သဖြင့် ပင်ရင်းဈေး မြင့်ခြင်း၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ယခင်အပတ် ၁၁၇၀၀၀၀ ကျပ်မှ ၁၂၀၀၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ မြေပဲ(ဆီဆန်)မှာလည်း ဆောင်းလက်ကျန်တောင်သူထံမှ ပင်ရင်း ဈေးမြင့်ခြင်း၊ မိုးစိုက်ရန် ပြင်ဆင်ချိန်ဖြစ်ခြင်း၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၁၀၀ ပိဿာ ယခင်အပတ် ၁၀၈၀၀၀၀ကျပ်မှ ယခုအပတ် ၁၁၇၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

နှမ်းမျိုးစုံဈေးနှုန်းများအနေဖြင့် နှမ်းဖြူမှာ နွေနှမ်းအသစ်များမဝင်သေးခြင်း၊ လက်ကျန်အဟောင်း အရည်အသွေးညံ့ခြင်း၊ မိုးရွာသွန်းမှုများ၍ လုပ်ငန်းသမားအဝယ်နည်းခြင်း၊ အရည်အသွေးညံ့သွားသဖြင့် တရုတ် ဝယ်လက်နည်းခြင်းတို့ကြောင့် ၄၅ ပိဿာ ယခင်အပတ် ၄၀၀၀၀၀ ကျပ်မှ ယခုအပတ် ၃၆၀၀၀၀ ကျပ်သို့ ဈေး နိမ့်သွားသည်။ နှမ်းညိုဈေးနှုန်းအနေဖြင့် မိုးနှမ်းအသစ်များဝင်ရောက်ခြင်းကြောင့် ဆီစက်သမားပုံမှန်ဝယ်ယူမှု ရှိသော်လည်း ၄၅ ပိဿာ ယခင်အပတ် ၄၀၀၀၀၀ ကျပ်မှ ၃၆၀၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ နှမ်းနက်မှာ ဆောင်းနှမ်းအသစ် မဝင်သေးသဖြင့် လက်ကျန် အရည်အသွေးညံ့ပြီး အရောင်းအဝယ်အေးပြီး ဆောင်းနှမ်း (စမုံ) အသစ်ဝင်ရောက်ခြင်းကြောင့် ယခင်အပတ် ၄၅ ပိဿာ ၇၅၀၀၀၀ကျပ်မှ ယခုအပတ် ၆၃၀၀၀၀ ကျပ်သို့ ဈေးနိမ့် သွားသည်။ ပန်းနှမ်းဈေးနှုန်းအနေဖြင့် စိုက်ဧကနည်း၊ အထွက်နည်း၊ အဝင်နည်းခြင်း၊ ဘယဆေးသမားနှင့် ရောဆီသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ယခင်အပတ် ၄၅ ပိဿာ ၃၁၅၀၀၀ ကျပ်မှ ယခုအပတ် ၃၃၀၀၀၀ကျပ် ထိ ဈေးမြင့်သွားသည်။ ဆီနေကြာဈေးနှုန်း အနေဖြင့် အဝင်ပုံမှန်၊ ဆီစက်သမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၂၇ ပိဿာ ၂၂၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံဈေးကွက်

မန္တလေးကိုင်းတန်းဈေးတွင်း စားဖိုဆောင်သီးနှံများအနက် ငရုတ်ခြောက်(ရှည်)မှာ ကျောက်ဆည်နှင့် ဧရာဝတီတိုင်းဘက်မှ ဝင်ရောက်မှုရှိခြင်းကြောင့် ယခင်အပတ်တစ်ပိဿာ ၁၈၀၀၀ ကျပ်မှ ၁၆၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး ငရုတ်ခြောက်(လတ်)မှာ စစ်ကိုင်းနှင့် ဧရာဝတီတိုင်းမှ ဝင်ရောက်ပြီး အဝင်ပုံမှန်၊ မြို့တွင်းသုံး ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၃၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကြက်သွန်နီဈေးနှုန်းမှာ နယ်စုံမှ ဝင်ရောက်မှုရှိခြင်း၊ လမ်းပမ်းဆက်သွယ်ရေး အခြေအနေနှင့် ရာသီဥတု အခြေအနေကြောင့် အဝေးတင်ပို့ရမှုနည်းခြင်း၊ ကြက်သွန်နီ(ကြီး) တစ်ပိဿာ ၂၅၀၀ ကျပ်မှ ၂၂၀၀ ကျပ်သို့ ဈေး နိမ့်သွားပြီး မြို့တွင်းသုံးဝယ်ယူမှုပုံမှန်ရှိခြင်းကြောင့် (လတ်)တစ်ပိဿာ ၂၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ကြက်သွန်နီ(သေး)မှာ မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်း၊ အဝင်များခြင်းကြောင့် တစ်ပိဿာ ၁၈၀၀ ကျပ်မှ ၁၅၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ကြက်သွန်ဖြူ(တရုတ်)မှာ လမ်းပန်းဆက်သွယ်ရေးကြောင့် အဝင်နည်းပြီး တစ်ပိဿာ ၁၅၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ ကြက်သွန်ဖြူ(ရှမ်း)များ ဝင်ရောက်မှုရှိပြီး အရည်အသွေးပေါ် မူတည်၍ တစ်ပိဿာ ၆၀၀၀ ကျပ်မှ ၉၀၀၀ ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းချမှုရှိသည်။ ရွှေဘိုဘက်မှ ကြက်သွန်ဖြူ (မြန်မာ)များလည်း ဝင်ရောက်ပြီး အရည်အသွေး ကောင်းသောကြောင့် တစ်ပိဿာ ၈၀၀၀ ကျပ်ဖြင့် ဈေးတည် ငြိမ်နေသည်။

အောင်ပန်းအာလူးတစ်မျိုးသာ အဝင်များနေပြီး အိုကေတစ်ပိဿာ ၂၇၀၀ ကျပ်၊ အေဝမ်းတစ်ပိဿာ ၂၅၀၀ ကျပ်၊ ဆွဲတစ်ပိဿာ ၂၀၀၀ ကျပ်ဖြင့် မြို့တွင်းစားသုံးမှု ပုံမှန်ရှိနေသည်။

## ပဲမျိုးစုံဈေးကွက်အခြေအနေ

မတ်ပဲဈေးနှုန်းအနေဖြင့် ကျောက်ရစ်ပဲအ သစ်များ ဝင်ရောက်မှုရှိခြင်း၊ ရန်ကုန်ဝယ်လက်နည်းခြင်းကြောင့် ယခင်အပတ် ၂၈၈၀၀၀ ကျပ်မှ ယခုအပတ် ၂၈၄၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။

ပဲတီစိမ်း(အညာ)မှာ မိုးစိုက်စတင်စပြု၍ မျိုးအတွက် ဝယ်ယူမှုရှိခြင်း၊ လက်ကျန်နည်းခြင်း၊ တရုတ် ဝယ်လက်နည်းခြင်းကြောင့် ယခင်အပတ် ၃ တင်းတစ်အိတ် ၄၃၅၀၀၀ ကျပ်မှ ၃၇၈၀၀၀ ကျပ်သို့ ဈေးနိမ့်သွား သည်။

ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ ပဲခွဲစက်နှင့် ရန်ကုန်ဝယ်လက်ပုံမှန်ဝယ်ယူမှုရှိခြင်း၊ အဝင်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၈၃၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲစဉ်းငုံ(ဖြူ)မှာ ပဲခွဲစက်များ အဝယ်နည်းခြင်း ကြောင့် ယခင်အပတ် ၂၅၀၀၀၀ ကျပ်မှ ၂၄၈၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

ပဲပုတ်(ရှမ်း/မြန်မာ)တို့အနက် ပဲပုတ်(မြန်မာ)မှာ အဝင်ပုံမှန် လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ၄၂၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲပုတ်(ရှမ်း)မှာ မိုးမိတ်၊ မိုးညှင်းတို့မှ ဝင်ရောက်ပြီး မိုးမိတ် ၃ တင်းတစ်အိတ် ၄၂၀၀၀၀ ကျပ် မိုးညှင်း ၄၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်ကာ ဆီစက်သမားများ ပုံမှန်ဝယ်ယူနေသည်။ ကုလားပဲဈေးနှုန်းများအနေဖြင့် ကုလားပဲ(လုံးဖြူကြီး)မှာ အသစ်များ ဝင်ရောက်မှုရှိခြင်း၊ လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၃၀၀၀၀ကျပ်မှ ၂၂၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားပြီး ကုလားပဲ(လုံးဝါကြီး)မှာလည်း အသစ်ဝင်ရောက်ခြင်း၊ ပဲခွဲစက်များအဝယ်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ၂၁၇၀၀၀ ကျပ်မှ ၂၁၃၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ ကုလားပဲ(ခွဲခြမ်း)မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိခြင်း ကြောင့် တစ်ပိဿာ ၅၆၅၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ပဲယင်း၊ မြေတောက်ပဲ၊ စားတော်ပဲ ဈေးနှုန်းများမှာ ပဲယင်းကြီးမှာ အသစ်ဝင်ရောက်မှုရှိခြင်း၊ ပဲခွဲစက်များ အဝယ်နည်းခြင်းကြောင့် ၃ တင်းတစ်အိတ် ယခင်အပတ် ၂၄၀၀၀၀ ကျပ်မှ ၂၃၅၀၀၀ ကျပ်သို့ ဈေးနိမ့်သွားသည်။ မြေတောက်ပဲမှာ မုံရွာနှင့်အညာဘက်မှ အသစ်များဝင်ရောက်ခြင်း၊ လုပ်ငန်းသမား ပဲကြော်/လှော်သမားအဝယ် ပုံမှန်ရှိခြင်းကြောင့် ၃ တင်းတစ်အိတ် မုံရွာ(သစ်) အရည်အသွေးအကောင်းဆုံး ၃၀၀၀၀၀ ကျပ်၊ အညာအသစ် ၃၂၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။ စားတော်ပဲ(ကျွန်း)မှာ လက်လီသမား အဝယ်နည်းခြင်း၊ အသစ်ဝင် ရောက်မှုရှိခြင်းကြောင့် ယခင်အပတ် ၆၃၀၀၀၀ ကျပ်မှ ယခုအပတ် ၅၈၀၀၀၀ ကျပ်၊ ထိပ်စ ၆၀၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။

ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့မှာ ကျောက်တွင်းဘက်မှ အသစ်များဝင်ရောက်ခြင်း၊ အရည်အသွေးကောင်းခြင်း၊ ရန်ကုန်ဝယ်လက်အနည်းငယ်ရှိခြင်း၊ ပဲကြော်/လှော်လုပ်ငန်းသမားအဝယ်ရှိခြင်း ကြောင့် ပဲကြီး(ကြီး) ၃တင်းတစ်အိတ် ၅၈၀၀၀၀ ကျပ်၊ ပဲကြီး(သေး)မှာ လှောင်သမား လက်လီသမားအဝယ်များ ခြင်း၊ အရည်အသွေးကောင်းခြင်းကြောင့် ယခင်အပတ် ၅၀၀၀၀၀ ကျပ်မှ ၅၃၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

စာ-၁၅ သို့

ယခုလိုရာသီ မိုးလေးတဖွဲဖွဲကျလာပြီဆိုရင် ယင်းတိုက်ပင်တို့တွင် ရွက်နုများ ဝေဖြာလာကြပြီ။ ယင်းတိုက်ရွက် ဟု သိခဲ့သည်မှာ လွန်ခဲ့သော ၅ နှစ်ခန့်ကမှပင်။ အခုလည်း အိမ်နီးချင်းမိတ်ဆွေက ရွာမှ လူကြုံလာသဖြင့် ယင်းတိုက်ရွက်တွေ ဖြိုင်ဖြိုင်ထွက်ချိန် ခူးလာပေးသည့် မေတ္တာစာလေး မျှဝေစားသုံးခွင့်ရသည့်အတွက် ရှာဖွေဖတ်ရှုရင်း ယခု ဆောင်းပါးလေး ဖြစ်လာရပြန်၏။

ယင်းတိုက်ပင်၏ အင်္ဂလိပ်အမည်မှာ Khamphi Rosewood, Burmese Rosewood နှင့် Burmese Blackwood ဟု လူသိများကြပြီး ယင်း၏ ရုက္ခဗေဒအမည်မှာ Dalbergia cultrata ဖြစ်ကာ မျိုးရင်း Fabaceae တွင် ပါဝင်၏။ ယင်းတိုက်ပင်သည် အရှေ့တောင်အာရှ၏ အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများဖြစ်သည့် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတောင်ပိုင်းတို့တွင် မူလစတင်ဖြစ်ထွန်းပေါက်ရောက်၏။ မိုးသစ်တော မြေနိမ့်နေရာ များ၊ ရွက်ပြတ်ရောနှောတောများတွင် ပေါက်ရောက်လေ့ရှိ၏။ မြန်မာနိုင်ငံ၏ အလယ်ပိုင်းအပူပိုင်းဒေသ၊ မြေပြန့်သစ်တောများနှင့် တောင်နိမ့်ပိုင်း ရွက်ပြတ် ရောနှောသော သစ်တောများတွင် ယင်းတိုက်ပင်များ အများဆုံး ပေါက်ရောက်၏။ ယင်းတိုက်ပင်သည် ရွက်ကြွေအလတ်စားမှ အပင်ကြီးသစ်ပင်မျိုးဖြစ်ပြီး အမြင့် ၂၅ မီတာခန့်ရှိ၏။ အရွက်မှာ ငှက်မွေးရွက်ပေါင်းအမျိုးအစားဖြစ်ပြီး ၁၀ - ၁၅ စင်တီမီတာရှည်ကာ ရွက်စွယ်ရှိပြီး ကြွေလွယ်၏။ ရွက်ပေါင်းတစ်ခု တွင် ရွက်မွှာ ၇ -၁၃ စုံခန့်ပါရှိပြီး ဘဲဥပုံသဏ္ဌာန်ရှိကာ ရွက်ထိပ်ဝိုင်းပြီး ရွက်သားချောမွေ့၏။ ပန်းခိုင်မှာ ထိပ်ထွက်အဆုံးရှိပန်းခိုင်မျိုးဖြစ်ပြီး ပန်းပွင့်များ အစုလိုက်ပွင့်ကြ၏။ ပန်းပွင့်အရွယ်အစားသေးငယ်ပြီး အဖြူရောင်၊ ပန်းရောင်ဖျော့မှသည် ခရမ်းရောင်ထိရှိကြ၏။ အသီးမှာ ပြားချပ်သောသီးတောင့်အမျိုးအစားဖြစ်ပြီး အသီးနုစဥ် အစိမ်းရောင် ရှိပြီး ရင့်မှည့်သည့်အခါ အညိုရောင်အဖြစ် ပြောင်းလဲသွား၏။ အသီးတောင့်တစ်ခုတွင် ပြားချပ်သည့် အညိုရောင် သစ်စေ့များ ၁-၂ စေ့ပါဝင်၏။ အခေါက်မှာ ကြမ်းပြီး ပင်စည်လုံးပတ်တွင် ချွန်ထက်သောဆူးအနည်းငယ်ရှိ၏။

ယင်းတိုက်ရွက်နုများနှင့် ပန်းပွင့် ၁၀၀ ဂရမ်တွင် အစာစွမ်းအင်တန်ဖိုး ၂၈၀ ကီလိုကယ်လိုရီပါဝင်ပြီး ကာဘိုဟိုက် ဒရိတ် ၅၁ ဒသမ ၃၃ ရာခိုင်နှုန်း၊ အမျှင်ကြမ်း ၁၇ ဒသမ ၈ ရာခိုင်နှုန်း၊ အစိုဓာတ်ပါဝင်မှု ၁၁ ဒသမ ၇၃ ရာခိုင်နှုန်း၊ ပရိုတင်းကြမ်း ၁၀ ဒသမ ၄၂ ရာခိုင်နှုန်း၊ ပြာဓာတ် ၅ ဒသမ ၀၂ ရာခိုင်နှုန်း၊ အဆီကြမ်း ၃ ဒသမ ၇၀ ရာခိုင်နှုန်း၊ ကဖင်းဓာတ် သုည ဒသမ ၂၇ ရာခိုင်နှုန်းတို့ ပါဝင်၏။ သတ္တုဓာတ်များအနေဖြင့် နိုက်ထရိုဂျင်နှင့် ကယ်လ်စီယမ် ကြွယ်ဝပြီး ဖော့စဖရပ်စ်၊ ပိုတက်စီယမ်၊ ဆာလ်ဖာ၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ ကြေးနီ၊ သံ၊ မဂ္ဂနိစ်နှင့် ဇင့်တို့ ပါဝင်၏။ ထို့အပြင် Neoflavonoids နှင့် Coumarins ကဲ့သို့သော phyto-chemicals များ၊ သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းများ နှင့် ဘက်တီးရီးယားများကို ဆန့်ကျင်ပေးနိုင်သည့် dalbergin နှင့် stevenin အပါအဝင် အထူးပြုဒြပ်ပေါင်းများ ပါဝင်၏။




အရွက်နုများတွင် အင်းဆက်ပိုးမွှားများနှင့် မှိုများကို ဆန့်ကျင်နိုင်စွမ်းသော tannin လည်း ကြွယ်ဝစွာ ပါဝင်၏။

ယင်းတိုက်ပင်သည် ပဲမျိုးရင်းဝင်ဖြစ်သည့်အလျောက် လေထုထဲရှိ နိုက်ထရိုဂျင်ကို ထိန်းညှိရန်အတွက် အမြစ် ဘက်တီးရီးယားများနှင့် သဟဇာတဖြစ်စေမှုကို ထိန်းထားပြီး အပင်၏အညွန့်နှင့်အရွက်များတွင် နိုက်ထရိုဂျင်နှင့် သတ္တုဓာတ်ပါဝင်မှု မြင့်မားလာစေ၏။

အာယုဗေဒဆေးကျမ်းအရ ယင်းတိုက်၏ အရသာမှာ ဖန်၏၊ စပ်၏၊ ခါး၏၊ အဆင်းကို လှပတင့်တယ်စေ၏၊ ကိုယ်ဝန်ကို လျှောစေတတ်၏၊ ယားနာ၊ ဆီးနှင့် ပတ်သက်သောရောဂါများ၊ ကြို့ထိုးခြင်း၊ ဖောရောင်ခြင်း၊ ရေယုန်နာပေါက်ခြင်း၊ အဆီရောဂါ၊ နူနာ၊ ခရုသင်းနာ၊ ပိုးနာ၊ သွေးနာ၊ သွေးဖောက်ပြန်ခြင်းတို့ကို ပယ်ဖျောက်စေတတ်သည်ဆို၏။

ရိုးရာဆေးပညာရပ်အရ ယင်းတိုက်ပင်သည် ရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင်သောဂုဏ်သတ္တိများ၊ ကင်ဆာရောဂါကို ဆန့်ကျင်နိုင်စွမ်းသော ဂုဏ်သတ္တိများရှိခြင်းကြောင့် ဆေးအဖြစ် အသုံးပြုကြ၏။

မြန်မာနိုင်ငံတွင်လည်း ယင်းတိုက်ကို အရေပြားရောဂါများနှင့် ထိခိုက်ဒဏ်ရာရမှုများကို ကုသရန် အသုံးပြု၏။ အစာအိမ်နာကျင်ခြင်း၊ ဝမ်းလျှောခြင်းကဲ့သို့သော အစာခြေပြဿနာများ၊ အရေပြားပေါ်ရှိ ထိခိုက်ဒဏ်ရာများ၊ အဆစ် အမြစ်နာကျင်ခြင်းအတွက် အခေါက်ကို အမှုန့်ကြိတ်ပြီး ရေ သို့မဟုတ် ဆီ အနည်းငယ်နှင့် ရောစပ်ကာ အနှစ်ဖြစ်အောင် ပြုလုပ်ပြီးထိခိုက်နေသောနေရာပေါ်တွင် တိုက်ရိုက်လိမ်းခြင်းဖြင့် ဆေးအဖြစ်အသုံးပြု၏။

ယင်းတိုက်ရွက်သည် ချိုသော၊ ဖန်သော အရသာရှိ၏။ သွေးသည်းခြေနာတို့ကို ပယ်တတ်၏။ သွေးကို ငြိမ်းစေတတ်ပြီး အစာကို ကြေညက်စေသည်ဟု ဆို၏။ အရှေ့တောင်အာရှနိုင်ငံများ ရှိ ယင်းတိုက်ပင်၏ ဆေးအဖြစ် အသုံးပြုမှုများကိုလည်း မျှဝေလိုက်ပါ၏။

- ယင်းတိုက်ရွက်ကို ထုထောင်းပြီး ရရှိလာသောအနှစ်ကို အရေပြားရောဂါများ၊ အနာဆိုးများနှင့် သွေးကြောများ ရောင်ရမ်းခြင်းတို့အတွက် အနာအုံဆေးအဖြစ်လည်းကောင်း၊ အင်းဆက်ကိုက်ခဲဒဏ်ရာများနှင့် ယားနာ၊ ပွေးနာများအတွက် အရွက်ကြိတ်ရည်ကို ဆေးအဖြစ်သုံးပေးနိုင်၏။
- ယင်းတိုက်အရွက်နှင့် အခေါက်ပြုတ်ရည်ကို အပူပိုင်းဒေသများတွင် ဖြစ်ပွားတတ်သော ဝမ်းကိုက်ခြင်းနှင့် ဝမ်းပျက်ခြင်းများအတွက် ဆေးဖက်ဝင်အဖြစ် အသုံးပြုကြ၏။
- ရာသီစက်ဝန်းမမှန်ခြင်းနှင့် သွေးဆုံးဝေဒနာရှင်အမျိုးသမီးများအတွက် ယင်းတိုက်သားပြုတ်ရည်ကို ဆေးအဖြစ် အသုံးပြုကြ၏။
- ယင်းတိုက်အခေါက်နှင့်အရွက်ဝင်ပါဝင်သော ချိုဖန်သော အာနိသင်ကြောင့် ကိုယ်တွင်းအပူကြီးခြင်း၊ အဖျားရောဂါဖြစ်ခြင်းနှင့် သွေးသားမသန့်ရှင်းခြင်းကြောင့် ဖြစ်တတ်သည့် အပူဖျားများကို သက်သာစေရန် သွေးသန့်ဆေးအဖြစ် ဖော်စပ်အသုံးပြုကြ၏။

ယင်းတိုက်ပင်သည် သဘာဝအလျောက်ပေါက်သည့်အပင်ဖြစ်သည့်အလျောက် အချို့ဒေသများတွင် အလွယ်တကူ ဆွတ်ခူးစားသုံးနိုင်သကဲ့သို့ ဈေးထဲရှိ သဘာဝကျေးလက်အသီးအရွက်တန်းလေးများတွင်လည်း ရာသီချိန်တွင် ဝယ်ယူ ရရှိနိုင်၏။

- ယင်းတိုက်ရွက်နုလေးများနှင့် အညွန့်အဖူးများကို အစိမ်းအတိုင်းဖြစ်စေ၊ ရေနွေးဖျောပြီးဖြစ်စေ ငါးပိရည်၊ ငါးပိ ထောင်း၊ ငါးပိချက်တို့နှင့် တို့ကာ တို့စရာအဖြစ် စားသုံးတတ်ကြ၏။
- ပဲနီလေး/ပဲဝါလေး/ ကုလားပဲခြမ်းဟင်းချိုချက်ပြီး ယင်းတိုက်ရွက်နုလေးများ အုပ်လိုက်လျှင်ဖြင့် အနံ့အရသာ နှင့် ပြည့်စုံသော အရည်သောက်ဟင်းတစ်ခွက်ရ၏။ ပဲပင်ချဥ်သုပ်၊ ငါးခြောက် ငရုတ်သီးခွဲကြမ်းကြော်လေးနှင့်တွဲဖက်စားသုံးကအလွန်ထမင်းမြိန်စေ၏။
- ယင်းတိုက်ရွက်နုနှင့် အညွန့်အဖူးများကို ရေနွေးဖျောပြီး နှစ်သက်သလိုလှီးကာ ကြက်သွန်နီ ပါးပါးလှီး၊



စာ-၁၅ သို့

ကျောဖုံးမှ-

အလားတူ အခြေ အနေကို ရင်ဆိုင်နေရကြောင်း ဖော်ပြထားပါသည်။

"လယ်သမားအချို့သည် စိုက်ပျိုးမှု မပြုလုပ်တော့ကြောင်း သို့မဟုတ် ဓာတ်မြေသြဇာ အသုံးပြုမှု လျှော့ချမည်ဖြစ်ကြောင်း ပြောဆိုနေကြပြီး အဆိုပါကိစ္စရပ်သည် ထုတ်လုပ်မှုကို မလွဲမသွေ လျော့နည်းစေမည်ဖြစ်ကြောင်း" Integrated Rural Development Foundation ၏ အမှု ဆောင်ဒါရိုက်တာ Arze Glipo က ပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် ပုံမှန် တန်ချိန် ၁၉ သန်း မှ ၂၀ သန်း ထုတ်လုပ်မှုမှ တန်ချိန် ၆ သန်းအထိ လျော့နည်းနိုင်ကြောင်း ခန့်မှန်းထားပါသည်။

"အဆိုပါအခြေအနေသည် ဖိလစ်ပိုင်အတွက် အန္တရာယ်ရှိသည့် အခြေအနေတစ်ခု ဖြစ်လာနိုင် ပါကြောင်း၊ တင်သွင်းမှုများကလည်း ပို့ကုန်ကန့်သတ်မှုများကြောင့် မသေချာတော့သည့်အတွက် ထုတ်လုပ်မှု လျော့နည်းခြင်းကို ဖြည့်ဆည်းရန် အလွန်ခက်ခဲလာမည်ဖြစ်ကြောင်း" Glipo က ထပ် လောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှားတွင် ဓာတ်မြေသြဇာ ထောက်ပံ့မှုသည် အဓိက ပြဿနာမဟုတ်သော်လည်း အယ်လ်နီညိုကြောင့် ထုတ်လုပ်မှုလျော့နည်းနိုင်သည်ဟု ခန့်မှန်းထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် မတ်မှ မေအတွင်း ဆန်ရိတ်သိမ်းရာသီယာသည် ၁၀ ဒသမ ၆ ရာခိုင်နှုန်း လျော့ နည်းကာ ဟက်တာ ၃ ဒသမ ၈၅ သန်း (ဧက ၉ ဒသမ ၅ သန်းခန့်) သို့ လျော့ကျမည်ဖြစ်ပြီး စပါးထုတ်လုပ်မှုသည်လည်း ၁၁ ဒသမ ၁၂ ရာခိုင်နှုန်း လျော့နည်းကာ တန်ချိန် ၂၀ ဒသမ ၆၈ သန်းသို့ ကျဆင်းမည်ဖြစ်ကြောင်း အင်ဒိုနီးရှား စာရင်းအင်းဌာနမှ ခန့်မှန်းထားပါသည်။

ရောင်းလိုအားအပေါ် စိုးရိမ်မှုများရှိနေသော်လည်း ကမ္ဘာလုံးဆိုင်ရာ အနေဖြင့် ယခင်နှစ်များတွင် ထုတ်လုပ်မှုကောင်းမွန်ခဲ့သဖြင့် ဆန်လက်ကျန်များ လုံလောက်စွာ ရှိနေကြောင်း၊ ကမ္ဘာ့ဆန် တင်ပို့မှု အများဆုံးနိုင်ငံဖြစ်သော အိန္ဒိယတွင်လည်း စံချိန်တင် တန်ချိန် ၄၂ သန်းခန့်ရှိပြီး၊ အမေရိကန် စိုက်ပျိုးရေးဌာန၏ အချက်အလက်များအရ ယင်းသည် ကမ္ဘာလုံးဆိုင်ရာ လက်ကျန်၏ ၅ ပုံ ၁ ပုံ ခန့် ဖြစ်ကြောင်း၊ ကမ္ဘာ့ထုတ်လုပ်မှုလျော့နည်းမှုကို တစ်စိတ်တစ်ပိုင်း ကာကွယ်ပေးနိုင်ကြောင်း ဖော်ပြ ထားပါသည်။

"လက်ရှိတွင် ဆန်စျေးနှုန်းများသည် တည်ငြိမ်နေသော်လည်း ဟော်မုဇ်ရေလက်ကြား အခြေအနေကို ချက်ချင်းပြန်လည် မဖြေရှင်းနိုင်ပါက စျေးနှုန်းများ တက်လာနိုင်ကြောင်း" FAO ၏ စီးပွားရေး အကြီးအကဲ Maximo Torero က ပြောကြားထားပါသည်။

ယင်းရေလက်ကြားကို မကြာမီ ပြန်လည်ဖွင့်နိုင်ပါက ထောက်ပံ့မှု ပြဿနာကို ရှောင်ရှားနိုင် မည်ဖြစ်သော်လည်း "နောက် ၂ ပတ်၊ ၃ ပတ်အတွင်း မဖွင့်နိုင်ပါက အခြေအနေသည် အလွန်ဆိုးရွား လာနိုင်ကြောင်း" ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

လွင်ကိုကိုမောင်

World rice supply threatened by Iran war, El Nino, The Economic Times, May 1, 2026.

စာ-၁၃ မှ

ထောပတ်ပဲ(ကြီး/သေး)တို့မှာ မိုးစိုက်ပြင်ဆင်ချိန်ဖြစ်၍ ဆောင်းလက်ကျန်နည်းသော်လည်း လုပ်ငန်းသမား လက်လီသမားအဝယ်နည်းခြင်းကြောင့် ထောပတ်ပဲ(ကြီး) ၃ တင်းတစ်အိတ် ၃၄၀၀၀၀ ကျပ်မှ ၃၂၀၀၀၀ ကျပ်၊ ထောပတ်ပဲ(သေး) ၂၄၀၀၀၀ ကျပ်မှ ၁၇၅၀၀၀ ကျပ်သို့ စျေးနိမ့်သွားသည်။

ပဲလွန်(ဖြူ/ပြာ) အသစ်ဝင်ရောက်မှုရှိသော်လည်း အရောင်းအဝယ်အေးပြီး လက်လီသမားအဝယ်သာရှိ ခြင်းကြောင့် ပဲလွန်းဖြူ ၃ တင်းတစ်အိတ် ၂၃၈၀၀၀ ကျပ်၊ ပဲလွန်းပြာတစ်အိတ် ၁၆၇၀၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံစျေးကွက်

ခရမ်းချဉ်(ရှမ်းတောင်)များ ဝင်ရောက်မှုရှိခြင်း၊ တရုတ်(တိုင်ပေ) ခရမ်းချဉ်များ ရာသီကုန်သွားခြင်း၊ အရည်အသွေးကောင်းခြင်းကြောင့် ၂၀ ပိဿာ တစ်သေတ္တာ ၅၀၀၀၀ ကျပ် ဖြင့် မြို့တွင်းသုံးစွဲမှုများပြီး လမ်းပမ်းဆက်သွယ်ရေးကြောင့် အဝေးတင်ပို့ရမှုနည်းနေသည်။ ငရုတ်စို(ရှည်)မှာ မုံရွာ၊ ချောင်းဦး၊ ရွှေဘိုမှ ဝင်ရောက်ပြီး မိုးများသဖြင့် ခူးဆွတ်မှုနည်း၊ အဝင်နည်းခြင်းကြောင့် ငါးပိထောင်း၊ လက်ဖက်သမားများ အဝယ်ပုံမှန်ရှိသော်လည်း ငရုတ်စို(ရှည်) တစ်ပိဿာ ၁၁၀၀၀ ကျပ်၊ ငရုတ်စို(လတ်) တစ်ပိဿာ ၁၅၀၀၀ ကျပ်ထိ စျေးများစွာ မြင့်နေသည်။

မုံရွာ၊ ချောင်းဦးမှ ဖရဲသီးများ အဝင်နည်းခြင်းကြောင့် တစ်လုံး ၅၀၀၀ ကျပ်၊ ပန်းသီး ၆၅ လုံးပါတစ်ဖာ ၂၀၀၀၀၀ ကျပ်၊ အော်ဂင်လီမွှော် ၁၁ ပိဿာပါတစ်ခြင်း ၁၇၀၀၀၀ ကျပ်၊ ရမည်းသင်းစပျစ်သီး အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာ ၁၂၀၀၀ ကျပ်မှ ၁၈၀၀၀ ကျပ်၊ သီပေါ၊ ပြင်ဦးလွင်မှ ပျားနာနတ်တစ်လုံး ၅၀၀၀ ကျပ်ဖြင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေပေါ်မူတည်၍ မင်းဘူး၊ ဖားအံ့၊ ကောလင်း၊ ဝန်းသို၊ မိုးကုတ်၊ မြစ်ကြီးနား၊ အောင်လံ၊ မူဆယ်သို့ အမှာများတင်ပို့မှုနှင့် မြို့တွင်းသစ်သီးဆိုင်များ ဝယ်ယူမှုရှိသည်။

## ကြက်နှင့် အစေ့ထုတ်ပြောင်းစျေးကွက်

ကြက်စျေးနှုန်းအနေဖြင့် ငါန်းဇွန်း၊ မြို့သာ၊ မြင်းမူ၊ မြောင်၊ ဆားတောင်၊ ဘုတလင်၊ မုံရွာ ကြက်များ၊ ကြက်စက်များ ပုံမှန်ဝယ်ယူမှုရှိခြင်း၊ အဝင်ပုံမှန်ရှိခြင်းကြောင့် ၂၃၀၀၀၀ ကျပ်ဖြင့် စျေးတည်ငြိမ်နေသည်။ ရှမ်းကြက်များအဝင်နည်းသွားခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၁၇၅၀၀၀ ကျပ်မှ ၁၉၀၀၀၀ ကျပ်ထိ စျေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ ကလေးကြက် ၃ တင်းတစ်အိတ် ၁၈၀၀၀၀ ကျပ် အထွက်တိုးကြက် အရည်အသွေးပေါ်မူတည်၍ ၁၈၀၀၀၀ ကျပ်မှ ၁၉၀၀၀၀ ကျပ်၊ သြစတေးလျကြက် ဖွဲတစ်ပိဿာ ၃၇၅၀ ကျပ်ဖြင့် မုန့်လုပ်ငန်းသမားများ ဝယ်ယူမှုများသည်။

အစေ့ထုတ်ပြောင်းစျေးနှုန်းအနေဖြင့် အသစ်များအဝင်နည်းသွားခြင်း၊ ထွက်ရှိရာဒေသသို့ တိုက်ရိုက်ဆင်း ဝယ်ယူမှုရှိခြင်းကြောင့် ပစ္စည်းကောင်းရှားခြင်း၊ အစာစပ်သမား ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ၃ တင်းတစ်အိတ် ယခင်အပတ် ၈၁၀၀၀ ကျပ်မှ ၈၄၀၀၀ ကျပ်သို့ စျေးမြင့်သွားသည်။

ခင်မေကြည်

စာ-၁၄ မှ

ဆား၊ ငံပြာရည်၊ ဟင်းခပ်မှုန့် အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက် တို့နှင့်အတူ သံပရာရည်ညှစ်ပြီး သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် ယင်းတိုက်ရွက်သုပ်လေး ရပါပြီ။

- ငါးမီးအုံးဟင်းခါး၊ ပုစွန်ခြောက်ဟင်းခါး၊ ငါးကျည်းကျပ်တိုက်ဟင်းခါးတို့တွင်လည်း ယင်းတိုက်ရွက်ကို ခပ်ကာ ဟင်းချိုအဖြစ်လည်း ချက်သောက်နိုင်၏။ မန်ကျည်းရွက်နုလေးပါ အတူတွဲပြီး ခပ်လိုက်ပါက ချဉ်ပြုံးပြုံး အရသာနှင့်အတူ ခံတွင်းရှင်းစေ၏။

- အချို့ဒေသများတွင် အရွက်များကို ခူးဆွတ်ပြီး သန့်စင်အောင် ဆေးကြောပြီးနောက် ခွက်တစ်လုံးထဲထည့်ကာ ရေနွေးပွက်ပွက်ဆူ



လောင်းထည့်ကာ ၅-၁၀ မိနစ်ခန့်စိမ်ပြီး ဆေးဖက်ဝင်အပင်ရေနွေးကြမ်း (Herbal Tea) အဖြစ် သောက်သုံးလေ့ရှိကြ၏။ လည်ချောင်းနာခြင်း၊ အစာမကြေခြင်းနှင့် ပူပြင်းသောရာသီဥတုတွင် "အေးမြသော သောက်စရာ" အဖြစ် အသုံးပြု၏။ ယင်းတိုက်ပင်၏အနှစ်သားမှာ အနက်ရောင်ရှိကာ မာကျောမှုစွမ်းရည်မြင့်ပြီး အနီရင့်ရောင်မှ အနက်ရောင်အထိရှိ သော သစ်သားများမှ အဖိုးတန်ပရိဘောဂများနှင့် တူရိယာများ ပြုလုပ်ရာတွင် အသုံးပြုကြ၏။ ၎င်းကို ကျေးရွာများတွင် အရိပ်ရသစ်ပင်အဖြစ် အသိအမှတ်ပြုခံရပြီး အာရှတိုက်၏ သစ်မျိုးစိတ်များနှင့် ပတ်သက်၍ သုတေသနစိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး လေ့လာမှုများတွင်လည်း သတ်မှတ်ခံရသည့်အပင်မျိုးဖြစ်၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် ယင်းတိုက်ပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး တန်ဖိုးထား ပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျ စရိတ်သက်သာစေပြီး ကျန်းမာရေးအကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟာစနစ် ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများ ထိန်းသိမ်းရေးတို့ကို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

ကြေးမုံငယ်

AgribizNews
ဝက်ဘ်ဆိုက်နှင့်
e-Paper တို့တွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန် ၀၆၇-၃၄၁၀၆၁၆
(e-government ဌာနခွဲ)

# အီရန်စစ်ပွဲနှင့်အယ်လ်နီညိုကြ
# ကမ္ဘာ့ဆန်ရောင်းလိုအားကို ခြိမ်းခြောက်လာ

လွင်ကိုကိုမောင်



အီရန်စစ်ပွဲကြောင့် လောင်စာဆီဈေးနှုန်း မြင့်တက်မှုနှင့် ဓာတ်မြေသြဇာ ရှားပါးမှု တို့ကြောင့် အာရှ နိုင်ငံများရှိ လယ်သမားများသည် စိုက်ပျိုးဧရိယာကို လျှော့ချလာနေကြသဖြင့် ယခုနှစ်တွင် ဆန်ထုတ်လုပ်မှုလျော့ နည်းမည်ဟု ခန့်မှန်းထားသည်။ ထို့အပြင် အယ်လ်နီညိုသည်လည်း ကမ္ဘာ့အများဆုံးစားသုံးသည့် အခြေခံစားနပ်ရိက္ခာဖြစ်သော ဆန်ထုတ်လုပ်မှုကို ထပ်မံဖိအားပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆန်သည် ကမ္ဘာ့အစားအစာဖူလုံရေးအတွက် အလွန်အရေးပါပြီး ထောက်ပံ့မှုအနည်းငယ် ပြတ်တောက်မှုဖြစ်လျှင်ပင် နိုင်ငံများအတွင်း သက်ရောက်မှုများပြားစေနိုင်ကာ ပါသည်။ ယင်းစစ်ပွဲကြောင့် ကမ္ဘာ့ဈေးကွက်များသို့ ဆက်သွယ်ပေးသော အရေးပါသည့် ဟော်မုဇ်ရေလက်ကြားဖြတ်လမ်းမှ လောင်စာဆီနှင့် ဓာတ်မြေသြဇာထောက်ပံ့မှုများ လျော့နည်းလာခြင်းကြောင့် ဖြစ်ကြောင်း ဖော် ပြထားပါသည်။

အရှေ့တောင်အာရှတွင် အများစုသည် အသေးစားလုပ်ကိုင်သည့် လယ်သမားများဖြစ်ပြီး ယခုနှစ် ဒုတိယနှစ်ဝက်တွင် အယ်လ်နီညို ဖြစ်စဉ်ကြောင့် ပိုမိုပူပြင်း၍ မိုးနည်းသည့် အခြေအနေများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် စိုက်ပျိုးရေးအတွက် ဖိအားများစွာရှိကြောင်း ဖော်ပြထားပါသည်။

"နိုင်ငံအချို့တွင် လယ်သမားများသည် ဆန်စိုက်ပျိုးမှုကို စတင်စိုက်ပျိုးလျက်ရှိပြီး ကုန်ကျစရိတ် ထုတ်လုပ်မှု ဆိုင်ရာ တင်းကြပ်မှုများနှင့် အိန္ဒိယ၏ ပို့ကုန်ကန့်သတ်မှုများကြောင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး စိုးရိမ်လွန်ပြီး အလုအယက်ဝယ်ယူမှုများ (Panic Buying) ဖြစ်ပေါ်စေခဲ့ကြောင်း ဖော်ပြထားပါသည်။

## ရောင်းလိုအားကွင်းဆက်ရှိ အခက်အခဲများ

လက်ရှိတွင် ဆန်တင်ပို့မှုများသည် ရောင်းလိုအားကွင်းဆက် (Supply-Chain) ပိတ်ဆို့မှုများ ကို ရင်ဆိုင်နေရကြောင်း ဖော်ပြထားပါသည်။

"ထောက်ပံ့ပို့ဆောင်ရေးသည် အလွန်ခက်ခဲလျက်ရှိပြီး အထူးသဖြင့် အာရှဒေသတွင် Polypropylene အိတ်များရှားပါးမှု၊ ဆန်ကို ဆိပ်ကမ်းများသို့ သယ်ဆောင်ရန် လိုအပ်သော ကုန်တင် ယာဉ်များ မလုံလောက်ခြင်း၊ ထို့အပြင် သင်္ဘောတွင် ဒုတိယရာသီသီးနှံများကို စိုက်ပျိုး ကြောင်းနှင့် အာရှနိုင်ငံအများစုသည် တစ်နှစ်လျှင် ဆန်သီးနှံ ၂ ကြိမ်မှ ၃ ကြိမ်အထိ စိုက်ပျိုးထုတ် လုပ်ကြောင်း ဖော်ပြထားပါသည်။

## လယ်သမားများ စိုက်ပျိုးမှု လျှော့ချလာ

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မြောက်ဘက် ၁၅၁ ကီလိုမီတာ (၉၄ မိုင်) ခန့် အကွာရှိ ချိုင်နတ်ပြည်နယ်မှ လယ်သမားဖြစ်သူ Sripai Kaew-Eam က ဓာတ်မြေသြဇာနှင့် လောင်စာဈေးနှုန်းမြင့်တက်မှုကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်သည် တစ်ရိုင် (သုညဒသမ ၄ ဧက) လျှင် ဘတ် ၆,၀၀၀ (ဒေါ်လာ ၁၈၃ ဒသမ ၉၉ ခန့်) အထိ တက်လာကြောင်း ပြောကြားခဲ့ပါသည်။ ယခင်စိုက်ပျိုးမှုတွင် ဘတ် ၄,၅၀၀ မှ ၅,၀၀၀ ခန့်သာ ကုန်ကျခဲ့သော်လည်း ယခုအခါ ကုန်ကျစရိတ်များ မြင့်တက်လာပြီး လက်ရှိစပါးဈေးနှုန်းမှာ တစ်တန်လျှင် ဘတ် ၆,၂၀၀ ခန့်သာ ရရှိနေကြောင်း ပြောကြားထားပါသည်။

"ဓာတ်မြေသြဇာဈေးနှုန်းများသည် အိတ်တစ်အိတ်လျှင် ဘတ် ၈၅၀ မှ ယခုအခါ ဘတ် ၁,၀၀၀ မှ ၁,၂၀၀ အထိ မြင့်တက်လာပြီး အသုံးပြုမှုကို တစ်ဝက်အထိ လျှော့ချခဲ့ရပါကြောင်း၊ ဓာတ်မြေသြဇာဈေးလည်းမြင့်၊ လောင်စာဈေးလည်း မြင့်နေပါကြောင်း" ၎င်းက ပြောကြားခဲ့ပါသည်။

ကမ္ဘာပေါ်တွင် ဆန်အများဆုံး တင်သွင်းသည့် ဖိလစ်ပိုင်တွင်လည်း ဈေးနှုန်းမြင့်တက်ခြင်းနှင့် အထူးသဖြင့် အာရှနှင့် အာဖရိကရှိ စားသုံးသူများအကြား မိသားစုအသုံးစရိတ်များကို ဖိအားဖြစ်စေနိုင်ပါသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၅-၂၆ ခုနှစ်တွင် ဆန်ထုတ်လုပ်မှုကို ၂ ရာခိုင်နှုန်း တိုးတက်ပြီး စံချိန်တင်အမြင့်သို့ ရောက်ရှိမည်ဟု ဧပြီလတွင် ခန့်မှန်းခဲ့ပါသည်။

အီရန်စစ်ပွဲ၏ သက်ရောက်မှုများသည် ထိပ်တန်းတင်ပို့နိုင်ငံများဖြစ်သည့် ထိုင်းနှင့် ဗီယက် နမ်တို့ရှိ လယ်သမားများအပြင် တင်သွင်းမှုအပေါ် မှီခိုနေသော ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့ကိုလည်း ထိခိုက်စေကြောင်း စိုက်ပျိုးသူများနှင့် ကုန်သည် လုပ်ငန်းရှင်များက ပြောကြားထား မြင့်တက်နေခြင်းကြောင့် ထည့်သွင်းအသုံးပြုရသည့် အရင်းအမြစ်များကို လျှော့ချနေကြကြောင်း" FAO ၏ စီးပွားရေးအကြီးအကဲ Maximo Torero က ပြောကြားထားပါသည်။ "ယခုနှစ် ဒုတိယနှစ်ဝက်နှင့် နောက်နှစ်အစပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှုပိုမိုကြပ်တည်းလာမည်ကို တွေ့ရမည်ဖြစ်ကြောင်း" ယင်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

၂၀၀၈ ခုနှစ်တွင် ဆန်အဓိကတင်ပို့သည့် နိုင်ငံများက ပို့ကုန်ကန့်သတ်မှုများ ပြုလုပ်ခဲ့သဖြင့် ဆန်ဈေးနှုန်းသည် တစ်တန်လျှင် ဒေါ်လာ ၁၀၀၀ ခန့်အထိ နှစ်ဆကျော် တက်သွားခဲ့ပြီး နိုင်ငံအချို့တွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မကြာသေးမီက လည်း ၂၀၂၂ -၂၀၂၃ အတွင်း တင်ပို့မှုများပါ အနှောင့်အယှက် ဖြစ်နေပါကြောင်း" ကမ္ဘာ့ ဆန်ကုန်သွယ်ရေးကုမ္ပဏီကြီးတစ်ခုတွင် အလုပ်လုပ်နေသော စင်ကာပူအခြေစိုက် ကုန်သည် လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့ပါသည်။

ဓာတ်မြေသြဇာရှားပါးမှုနှင့် မိုးရေမလုံလောက်မှုများကြောင့် အရှေ့တောင်အာရှတွင် ယခု လက်ရှိ ရိတ်သိမ်းနေသော သီးနှံထုတ်လုပ်မှု လျော့နည်းနေပြီး နောက်တစ်ကြိမ် စိုက်ပျိုးမည့် သီးနှံများတွင် ပိုမိုကြီးမားသော လျော့နည်းမှုများ ဖြစ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။

အိန္ဒိယ၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့သည် ဇွန်နှင့် ဇူလိုင်တွင် အဓိကစပါးကို စိုက်ပျိုး ကြောင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့မှာ ယခုအချိန်

စာ-၁၅ သို့